# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 March 2025 ၁၁၇၄၉


## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေး နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လ ဝီရိယ၊ ခေတ်မီနည်းပညာ၊ မြေ၊ ရေ စသည့်အရင်းအမြစ်များအားလုံး ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

ချစ်ခင်လေးစားအားထားရပါသော တောင်သူလယ်သမားဦးကြီးများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၅ ခုနှစ်၊ မတ်လ (၂)ရက်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားဦးကြီးများအားလုံး ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူတို့၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားဦးကြီးများ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်မှုများကို အထူးဂုဏ်ပြုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ကြပြီး တောင်သူလယ်သမားဦးကြီးများ၏ စီးပွားဥစ္စာ ဒီရေအလားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဝါးထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

# ဝါးကုန်ကြမ်းမှသည် နိုင်ငံတကာအဆင့်မီ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်

"ဝါးတစ်လုံးရဲ့တန်ဖိုးက ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းပေါ်မှာမူတည်ပြီး ကွာသွားနိုင်တယ်၊ မူလတန်ဖိုးရဲ့တစ်ဆလား၊ ဆယ်ဆလား အမျိုးမျိုးဖြစ်နိုင်တယ်၊ အဓိကက နည်းပညာပဲ" ဟု ဝါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌလည်းဖြစ် Orchard ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါက်တာမြင့်စိန်က ပြောသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ


ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၄)
ဆောင်းပါး စာမျက်နှာ » ၈



(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅ ဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၀

ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမားနေ့ အခမ်းအနား ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ စကားသံများ
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၉


## ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ

# စားရေရိက္ခာဖူလုံရေးဖြည့်ဆည်းပေး တောင်သူလယ်သမားများဘဝမြှင့်တင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံသားအများစုသည် တောင်သူလယ်သမား သို့မဟုတ် လယ်ယာကဏ္ဍကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။ မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်မှာ လယ်ယာထွက်ကုန်များ လုပ်ကိုင်ကြသူများဖြစ်၍ တောင်သူလယ်သမားများသည် နိုင်ငံအတွက် အရေးပါသောအင်အားစုကြီးဖြစ်သည်။

လူသားများရှင်သန်ရပ်တည်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေးသည် အရေးပါသောကဏ္ဍဖြစ်သည်။ စားရေရိက္ခာဖူလုံရေးကို တောင်သူလယ်သမားဦးကြီးများက နေပူမိုးရွာမရှောင် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေကြသူများဖြစ်၍ ကျေးဇူးတင်ထိုက်သူများဖြစ်သည်။ နိုင်ငံ၏ လူဦးရေသန်း ၅၀ ကျော်အတွက် လိုအပ်သော စားရေရိက္ခာများကို ဖြည့်ဆည်းပေးနေသော်လည်း တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားဘဝများမှာ မြင့်မားလာမှုမရှိသေးဘဲ လိုအပ်ချက်များစွာရှိနေသေးသည်။ အကြောင်းမှာ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးကျရောက်မှုနှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် အခက်အခဲများရှိနေသေးသည်။

မျက်မှောက်ကာလတွင် အကြမ်းဖက်သမားကဲ့သို့ အဖျက်အန္တရာယ်အမျိုးမျိုး၊ သစ်တောများပြုန်းတီးမှုကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာမှု၊ လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုမှု၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ် ကြီးမားမှု၊ သွင်းအားစုစရိတ်မြင့်တက်မှု၊ ဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေး အားနည်းမှု၊ လယ်ယာလုပ်သားရှားပါးမှု စသည့်အခက်အခဲအမျိုးမျိုးတို့ကြောင့် တောင်သူလယ်သမားများဘဝ မြင့်မားတိုးတက်ရေးမှာ အလှမ်းဝေးနေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ အကျိုးစီးပွားကိုရှေးရှု၍ ယင်းလိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးဇူးရှင်တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားနေ့အခမ်းအနားများကို ၁၉၆၂ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၆၃ နှစ်ပြည့်ပြီဖြစ်သည်။ မတ်လ ၂ ရက်နေ့ တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းပြပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆုနှင့် မြစိမ်းရောင်အသားကဏ္ဍဖော်ဆောင်နိုင်မှု စံပြကျေးရွာအကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၌ မျိုးစေ့ပြပွဲကို မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးမျိုးသည် အဓိကကျသဖြင့် နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိသည်။ မျိုးကောင်းမှ အပင်သန်ဆိုသည့်အတိုင်း မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မျိုးစေ့ထုတ်လုပ်သူများ၊ မျိုးစေ့တင်သွင်းသူများ၊ မျိုးစေ့ရောင်းချသူများ၊ မျိုးစေ့သုံးစွဲသူနှင့် တောင်သူလယ်သမားများကြားတွင် ပိုမိုခိုင်မာသည့် ကွန်ရက်တစ်ခုပေါ်ထွန်းလာအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးတွင် အဓိကကျသည့် ဆန်စပါးနှင့် ဆီထွက်သီးနှံပန်းတိုင်အထွက်နှုန်းတိုးရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ၏ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုစေရန်ရည်ရွယ်ချက်ဖြင့် တစ်ဧကဆီပိဿာ ၁၅၀ အထိရရှိနိုင်သည့် နေကြာသီးနှံအထွက်တိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် စိုက်ပျိုးသူတောင်သူများ စီးပွားရေးတွက်ခြေကိုက်ပြီး နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာမည်ဖြစ်သည်။ လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းပါဝင်နေပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များသည် ပြည်ပပို့ကုန်များတွင် အရေးအကြီးဆုံးပို့ကုန်များဖြစ်သည်။

တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သောအခွင့်အရေးများနှင့် အကျိုးစီးပွားများရရှိစေရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ ဥပဒေအရ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ဥပဒေအရအခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ခြင်းကို အခြေအနေအချိန်အခါအလိုက် သတ်မှတ်ပေးခဲ့သည်။ စိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးရေး၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေများတွင် ခွင့်ပြုချက်ရရှိသူများ ချေးငွေရရှိရေးနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ဦးတည်ချက်များနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံ့အကျိုးစီးပွားကာကွယ်ခြင်း၊ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် တောင်သူလယ်သမားဦးကြီးများကို အလေးထားဂုဏ်ပြုကာကွယ်စောင့်ရှောက်မြှင့်တင်ပေးခြင်းဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၁

ယနေ့မွန်းလွဲ ၃နာရီ၂၆မိနစ်၅၉စက္ကန့်အချိန်တွင်ညောင်ဦးမြေငလျင်စခန်းမှ တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မင်းဘူးမြို့၏ မြောက်-အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၂၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## ၁ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ အုပ်စု Zawgyi Agri Trade Ltd ထန်းလျက်သိုလှောင်ရုံ၌ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၁ ရက်တွင် သိုလှောင်ရုံဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောစဉ်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် **"တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**ဆိုသည့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ရေး၊ MSME စက်မှုလုပ်ငန်းများကို အားပေးကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပတင်ပို့နိုင်ရေး စသည့် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို ချမှတ်ပြီး ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မြေစနစ်တကျ ပြုပြင်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျစနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသော နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံများ ပိုမိုထွက်ရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက် စသည့်သီးထပ်စိုက်ပျိုးနိုင်ရေး ဒေသအလိုက်၊ ရာသီအလိုက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်စေလျက်ရှိပါသည်။

လက်ရှိစိုက်ပျိုးနေသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိရရှိအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးစေနိုင်သလို နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေပြီး **"မြေကြီးက ရွှေသီးသည်"**ဟု ဆိုရမည်ဖြစ်ပါသည်။

တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိ စိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများကို လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကကျသည့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်အသုံးပြုခြင်း၊ မြေဖုံးပင်များစိုက်ပျိုးခြင်း၊ လေကာပင်စိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ကုန်းမြင့်တောင်စောင်း ဒေသများတွင် လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုစနစ်ဖြင့်စိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနည်းစနစ်များသုံးကြရန် လိုအပ်ပါသည်။ ထို့ပြင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း၊ နွားချေး၊ ကြက်ချေးများအပြင် EM ဘိုကာရှီမြေဆွေးများ၊ ငါးအမိုင်နိုအက်ဆစ်များ အသုံးပြုခြင်း၊ ပိုက်ဆံလျှော်ကဲ့သို့သော သစ်စိမ်းမြေဩဇာများ စိုက်ပျိုး၍ ထယ်ထိုးမြေမြုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးသည်သာမက အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများ သုံးစွဲနိုင်ရေးအတွက်လည်း မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထား ရင်းနှီးမြှုပ်နှံပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်း ၈၈၀တို့အား ဆောင်ရွက်ထားရှိပြီး လက်ရှိတွင် စိုက်ပျိုးသီးနှံဧက ၃၁သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေရရှိမှု ခက်ခဲသည့်ဒေသများတွင် မြေအောက်ရေ အရင်းအမြစ်များကို အသုံးပြုရန်အတွက် စက်ရေတွင်း ၂၅၇၆၉ ခုကို တူးဖော်ထားရှိပေးထားပြီး မြေအောက်ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယာယီချောင်းပိတ်တမံများတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများ၊ ရေငန်တားတာများ တည်ဆောက်ခြင်းနှင့် ချောင်းကော၊ မြောင်းကောများ၊ ချောင်းရိုးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။


❍ တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ ရရှိ စိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများကိုလေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိ

❍ အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေးအတွက်လည်း မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ


စိုက်ပျိုးရေးအသိပညာ ဖြန့်ဖြူးမှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သုတေသနတွေ့ရှိချက်များ၊ ခေတ်မီနည်းပညာများ၊ မျိုးကောင်း၊ မျိုးသန့်နှင့် နည်းစနစ်ကောင်းများကို တောင်သူကြီးများ ယုံကြည်လက်ခံ ကျင့်သုံးလာစေရန် စိုက်ပျိုးပညာပေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"**မှ ထုတ်လွှင့်ပေးခြင်း၊ မြဝတီရုပ်မြင်သံကြားမှ **"စိုက်ပျိုးသုတ"** အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးခြင်း၊ မြန်မာ့အသံရေဒီယိုလိုင်းမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်"** ဖြင့် ထုတ်လွှင့်ပေးခြင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်ပေးခြင်းတို့အပြင် ဒို့ကျေးရွာဂျာနယ်ကဲ့သို့သော ဂျာနယ်များ၊ စာစောင်များဖြင့်လည်း အသိပညာဖြန့်ဝေလျက်ရှိပါသည်။ အင်တာနက်ကို အသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် တောင်သူလယ်သမား ဦးကြီးများအနေဖြင့် မိမိတို့သိလိုသည့် နည်းစနစ်များကို အလွယ်တကူ လေ့လာသိရှိနိုင်ပြီ ဖြစ်ပါသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ စသည့်သီးနှံများကို စီမံကိန်းလျာထားသည့်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးမှုမှ ထွက်ရှိသော ဝါဂွမ်းကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲရန် လုံလောက်မှုရှိသော်လည်း ချည်များကို ပြည်ပမှ တင်သွင်းနေရဆဲဖြစ်ပါသည်။ ပြည်ပမှ ချည်နှင့် ချည်ထွက်ပစ္စည်းများ၊ အဝတ်အထည်များ တင်သွင်းမှုလျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို အရည်အသွေးမီ ထုတ်လုပ်ဖြည့်ဆည်းနိုင်ရန်အတွက် ဝါသီးနှံအထူးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိရေးနှင့် အရည်အသွေးကောင်းဝါနှင့် ဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်း ဆောင်ရွက်လျက်ရှိပါသည်။ ထွက်ရှိလာသည့် အရည်အသွေးကောင်း ဝါနှင့် ဂွမ်းတို့ကို အသုံးပြုပြီး အဆင့်မီသည့်ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ဝါအခြေခံစက်မှုလုပ်ငန်းများဖြစ်သည့် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းအဝတ်အထည် လိုအပ်ချက်ကို ပြည်တွင်းထွက်ဝါများဖြင့် လုံလောက်စွာထုတ်လုပ်ပြီး ပြည်သူများအနေဖြင့်လည်း ပြည်တွင်းဖြစ် အဝတ်အထည်များကို အလေးထားအသုံးပြုကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံ မျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ကုန်ချောပြုပြင်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများနှင့် ကော်ဖီ၊ ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော် စသည်တို့ကို ကုန်ချောထုတ်လုပ်သည့် စက်မှုကုန်ကြမ်းသီးနှံလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ပေးခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး သီးနှံများ ဈေးကွက်တွင် အဆင့်မီစွာ ထုတ်လုပ်ရောင်းချနိုင်၍ တောင်သူများဝင်ငွေတိုးကာ လူနေမှုဘဝ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် အလယ်အလတ်အဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် စုစုပေါင်း ၈၅ ကျောင်းအထိ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများပါ ဆက်စပ်လုပ်ကိုင်လျက်ရှိသောကြောင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ကြရန် မှာကြားလိုပါသည်။ ပြည်သူများ အာဟာရပြည့်ဝစေရေးအတွက် အသားဓာတ်ရရှိနိုင်သည့် သား၊ ငါး၊ နို့၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများထုတ်လုပ်ရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နို့စားနွား၊ အသားတိုးနွားများ တိုးချဲ့မွေးမြူခြင်း၊ ထုတ်လုပ်မှုမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာရေးဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ပြီး နွား၊ ဝက်၊ ကြက်၊ ဘဲ၊ သိုး၊ ဆိတ်များ မွေးမြူထုတ်လုပ်ခြင်းနှင့် အရည်အသွေးပြည့်မီသည့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာများ ထူထောင်ပြီး အောင်မြင်မှုရရှိရေးကိုလည်း မှာကြားလိုပါသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုကောင်းသည့် နွားမျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို တောင်သူများထံသို့ ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မွေးမြူသူများ၏ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေများ ထုတ်ပေးပံ့ပိုးလျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းဖြင့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်မွေးမြူရေး စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် နို့စားနွား၊ အသားတိုး နွား၊ ဥစားကြက်၊ သိုး၊ ဆိတ် မွေးမြူရေးစီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ

ငါးကဏ္ဍအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါး၊ ပုစွန် ဖမ်းဆီးမွေးမြူခြင်းမှ မက်ထရစ်တန်ချိန် ၆၃၂၀၀၇၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်း ၃၂၂ မျိုးခန့်ပါဝင်သည့် မက်ထရစ်တန်ချိန် ၅၂၂၅၇၀ ကို ပြည်ပနိုင်ငံပေါင်း ၄၀ သို့ တင်ပို့နိုင်ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာ လိုအပ်ချက်ကို အဓိကဖြည့်တင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၊ ငါးမွေး တောင်သူများအား ပုံမှန်ဝင်ငွေရရှိရေးအတွက် အခြေခံငါးမွေးမြူရေးနည်းပညာများ သိရှိနားလည်စေရန် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား သိရှိနားလည်ရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ မိသားစုတစ်ပိုင်တစ်နိုင်ကန်များတွင် ငါးမွေးမြူခြင်းနှင့် ကန်ပေါင်တွင် စိုက်ပျိုးခြင်း၊ မွေးမြူမည့် ငါး၊ ပုစွန် သားပေါက်များ ရောဂါကင်းရှင်း ကျန်းမာစေရန် စစ်ဆေးပေးခြင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းနှင့် ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရန် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (Health Certificate)ထုတ်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမားဦးကြီးများခင်ဗျာ**

နိုင်ငံတော်က တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ကဏ္ဍပေါင်းစုံမှ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာလုပ်ငန်းများအား ထိရောက်စွာအကျိုးပြုနိုင်မည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန် ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အရှိန်အဟုန်မပျက် ထုတ်လုပ်နိုင်သည်အထိ အမျိုးမျိုးသော အခက်အခဲများကြားမှ လုံ့လဝီရိယဖြင့် စွမ်းအားပြည့်ဆောင်ရွက်ပေးခဲ့ကြပါသော တောင်သူလယ်သမားဦးကြီးများကို အစဉ်အမြဲ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယ၊ ခေတ်မီနည်းပညာ၊ မြေ၊ ရေ စသည့် အရင်းအမြစ်များ အားလုံးကို ပေါင်းစပ်၍ မျှော်မှန်းထားရှိသည့် ရလဒ်များရရှိနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲနှင့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနား တက်ရောက်



**ပုသိမ် မတ် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကညင်ငူကျေးရွာ မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ငါးတဲစုကျေးရွာတွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွေးနံ့သာများပက်ဖျန်း၍ ကျေးရွာအတွင်းရှိ နေအိမ်များတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၂၄-၂၀၂၅ တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်း ၁၁၄ ဒသမ ၇၇၀ ဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခဲ့ပြီးဖြစ်၍ ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၇၈ စုအတွက် လျှပ်စစ်မီတာ ၄၅ လုံး တပ်ဆင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကညင်ငူကျေးရွာတွင် ကျင်းပသည့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစံပြကွက်အား ကောက်စိုက်လုံမေများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်(စက်ပါ) အစေ့ချစက်များဖြင့် ရက် ၉၀မျိုးစပါး၊ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂၊ ရွှေနံ့သာပေါ်ဆန်း-၂၊ အောင်နိုင်တိုး မျိုးစပါးများ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူဦးမြင့်စိုး၏ ဆောင်းမြေပဲစံပြစိုက်ကွက် ၁၀ ဧကရိတ်သိမ်းမှုကို လည်းကောင်း၊ ဖူးရတနာမြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ကို လည်းကောင်း ကြည့်ရှုအားပေးပြီး အရည်အသွေး ကောင်းမွန်စေသည့် မြေပဲဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နှောကုန်းကျေးရွာ ရွှေစေတီ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားတင်ပြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သန်လျက်စွန်းကျေးရွာရှိ တောင်သူဦးမြင့်စိုးနှင့် တောင်သူဦးဝင်းထိုက်၏ စိုက်ဧက ၂၀ တွင်(Super sun-41) နေကြာစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေး၍ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မှု အခြေအနေများ ဆွေးနွေးမေးမြန်းပြီး အောင်မြင်အောင် ဆောင်ရွက်စေရေး၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိဆောင်ရွက်ရန်တို့ကို မှာကြားသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်တရားလွှတ်တော်တွင် (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မော်လမြိုင် မတ် ၁**

နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ခရိုင်တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ယမန်နေ့က မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးက (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားသည့် တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး အမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြန့်ကြာမှုမရှိစေရေး အမြန်ဆုံးစစ်ဆေးဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ မူဝါဒနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အလေးထား လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

မွန်ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူး ဒေါ်ခိုင်ခိုင်မျိုးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ထပ်ဆင့်ရှင်းလင်း ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ခရိုင်/မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်း မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝဇီရာရုပ်ရှင်ရုံပြင်ဆင်ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

ရန်ကုန် မတ် ၁

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ကျင်းပသည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက "သူချစ် " မြန်မာရုပ်ရှင်ဇာတ်ကား အကျဉ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်ရှင်အနုပညာသည် အနုပညာနယ်ပယ် အရပ်ရပ်အနက် လွှမ်းဆော်နိုင်မှုစွမ်းပကားကြီးမားပြီး ဩဇာအာဏာ သက်ရောက်မှုရှိသကဲ့သို့ လူ့အသိုင်းအဝိုင်း နယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်း ရှိပါကြောင်း၊ ရုပ်ရှင်တွင် ဖော်ကျူးထားသည့် အနုပညာလက်ရာများကလည်း နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း နီးနှောပေါင်းစပ် ပေးနေသည့် အနုပညာ သုခုမပညာရပ်ပင်ဖြစ်ပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်းဆက်ဆံရာတွင် အချို့က ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်တွင် ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း နားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းမှသည် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်သည့် အစဉ်အလာကို ထိန်းသိမ်းပြီး တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီးက "သူချစ် " ရုပ်ရှင်ဇာတ်ကား Hard Disk နှစ်စုံကို ပေးအပ်သည်။

ဆက်လက်၍ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကားကို လွှဲပြောင်း ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံမှူးကြီးနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် "သူချစ်" ရုပ်ရှင်ဇာတ်ကား ပြသမှုကို ကြည့်ရှုအားပေးကြသည်။ ယခုပေးအပ်သည့် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို ၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်က ထုတ်လုပ်ခဲ့ပြီး ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးခဲ့ကာ အေဝမ်းညွန့်မောင်၊ မေမြင့်တို့ ပါဝင် သရုပ်ဆောင်ထားသည်။ ဒါရိုက်တာ ဦးချန်ထွန်းရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားများအနက် "သူဇာ"နှင့် "သူချစ်" ရုပ်ရှင်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့ပြီး "ဂုဏ်"ဇာတ်ကား သည်လည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ "သူချစ်" ရုပ်ရှင်ဇာတ်ကားသည် ထိုခေတ်က အောင်မြင်သည့် တောင်သူလယ်သမားတို့ဘဝကို သရုပ်ဖော်ထားသော ရည်ရွယ်ချက်ကောင်းသည့် မြန်မာဇာတ်ကားတစ်ကား ဖြစ်သည်။ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့်သရုပ်ဆောင်များသည် ဇာတ်လမ်းနှင့်ကိုက်ညီသည့် ဇာတ်ဆောင်များကို ရွေးချယ်ထားသည့် အတွက် ထိုအချိန်က မြန်မာရုပ်ရှင် ဇာတ်ကားများကို တရုတ်နိုင်ငံ အပါအဝင် ကြိုက်နှစ်သက်ကြသည့်နိုင်ငံများက ဝယ်ယူလေ့ရှိသည်။ ၁၉၅၅ ခုနှစ်တွင် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက စတာလင်ပေါင် ၂၅၀၀ ဖြင့် ဝယ်ယူပြသခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် တရုတ်နိုင်ငံ ပီကင်းမြို့၌ကျင်းပသည့် အာရှရုပ်ရှင်ပွဲတော်တွင် တရုတ်ဘာသာစကား အသံသွင်း၍ ပြသခဲ့ရာ နိုင်ငံတကာက လေးစားချီးကျူးမှုများရရှိခဲ့သည်ဟု သိရသည်။

"သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံက ယခုအခါ ခေတ်နှင့်အညီ အရုပ်၊ အသံ အရည်အသွေး မြင့်မားသည့် Digital Format အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Channel များတွင် အခါအားလျော်စွာထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်း ကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့နှင့် အတူ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံပြင်ဆင်ထိန်းသိမ်းထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ဝဇီရာရုပ်ရှင်ရုံကို မြန်မာနိုင်ငံ၏ဂုဏ်ပြုခံရုပ်ရှင်ရုံ (Red Carpet Cinema) အဖြစ် ထားရှိဆောင်ရွက်ရန် လိုအပ်သည်များပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည်။ ဝဇီရာရုပ်ရှင်ရုံ၏ တည်နေရာသည် ဆူးလေစေတီတော်အနီး ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာတွင် တည်ရှိနေသဖြင့် ရုပ်ရှင်လုပ်ငန်းများကိုသာမက အနုပညာနှင့် ဆက်စပ်သည့် အခြားလုပ်ငန်းများ အားလုံးကိုလည်း ဆောင်ရွက်နိုင်သည့် အကောင်းဆုံး နေရာတစ်ခုဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများအား မိမိတို့တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအနုပညာများ၊ မြန်မာတို့၏ ယဉ်ကျေးမှု အကအလှပသာဒများဖြင့် ဖျော်ဖြေတင်ဆက်၍ မိမိတို့၏ ယဉ်ကျေးမှုတန်ဖိုးများ မြင့်မားပြန့်ပွားအောင် လုပ်ဆောင်နိုင်သည့် အနေအထားရှိသည်။

ဝဇီရာရုပ်ရှင်ရုံကို ၁၉၂၄ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆရပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်၌ တည်ရှိသည်။ ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံ ဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ မူလအမည်မှာ New Excelsior ရုံဖြစ်ပြီး ၁၉၄၂ ခုနှစ်ခန့်တွင် အေဝမ်းရုပ်ရှင်ရုံအဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဝဇီရာ ရုပ်ရှင်ရုံအဖြစ် လည်းကောင်း အမည်များ ပြောင်းလဲခဲ့ကြောင်း သိရသည်။

ဝဇီရာရုပ်ရှင်ရုံကြီးကို ပြင်ဆင်ထိန်းသိမ်းပြီးပါက ဂုဏ်ပြုခံရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များ ကျင်းပခြင်း၊ ပြည်ပခရီးသွားဧည့်သည်များ ရှေးဟောင်းအမွေအနှစ် ပြတိုက်တစ်ခုအဖြစ် လည်ပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီးခြင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရှေးဟောင်းဇာတ်ကားများ ပြသခြင်း၊ ရုပ်သေးပွဲများပြသခြင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့်ပြခန်းများ ပြသခြင်းတို့ကိုပါ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**သတင်းဆောင်းပါး၊ ဓာတ်ပုံ-နဒီမင်း**

❖ **ဝါးကုန်ကြမ်းမှ**

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မလတ်တို ကျေးရွာ Orchard Farm သဘာဝငါးမွေးမြူရေးကန် ကန်ပေါင်တစ်လျှောက်သူကိုယ်တိုင် စနစ်တကျ စိုက်ပျိုးထားသည့် ဝါးပင်များအား ခေတ်မီနည်းစနစ်များ၊ စက်ကိရိယာများအသုံးပြုကာ ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်ထုတ်ကုန်များအဆင့်သို့ တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးစားလုပ်ဆောင်သွားမည်ဟု ၎င်းကပြောသည်။

"အခုလောလောဆယ် ဝါးကနေ ဘောလ်ပင် ထုတ်ဖို့ပြင်ဆင်နေပါတယ်။ စက်လည်း ဝယ်ထားပြီးပါပြီ၊ မကြာခင်လုပ်ငန်းလည်ပတ်နိုင်အောင် ကြိုးစားနေပါတယ်။ အဲဒီလို ထုတ်နိုင်ဖို့အတွက်လည်း တရုတ်နိုင်ငံထိသွားပြီး လေ့လာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ရော ပြည်ပထိပါ တင်ပို့နိုင်ဖို့အတွက် ကြိုးစားသွားမှာပါ" ဟု Orchard Farm ပိုင်ရှင် ဒေါက်တာမြင့်စိန်က ပြောသည်။

နောက်ပိုင်းတွင် Orchard Farm အတွင်းရှိ ဝါးပင်များကိုအသုံးပြုကာ ဝါးအခြေခံစားသောက်ကုန်စည်သွတ်ဘူးများ၊ ဝါးဖြင့် ချက်လုပ်ထားသောဝိုင်များ၊ အဆင့်မီနည်းပညာမြင့် အသုံးအဆောင်ပစ္စည်းများကို စားသုံးသူဝယ်ယူသူများအကြိုက် ပြုလုပ်ရောင်းချသွားမည်ဖြစ်ပြီး ဝါးစိုက်ပျိုးနည်းသင်တန်းများကို သက်ဆိုင်ရာအဖွဲ့အစည်း တာဝန်ရှိသူများနှင့် ချိတ်ဆက်ကာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့်အတွက် နိုင်ငံတကာမှ ထုတ်လုပ်သော ဝါးထုတ်ကုန် အမျိုးမျိုးနှင့် တူရိယာပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ အစားအစာများ၊ အနုပညာလက်ရာများသည် ယနေ့ခေတ်အခါတွင် လူကြိုက်များလျက်ရှိသည်။

အထူးသဖြင့် ဝါးနှင့်ပတ်သက်သော ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချရာတွင် မြန်မာနိုင်ငံ၏အိမ်နီးချင်း တရုတ်နိုင်ငံသည် အောင်မြင်ထင်ရှားသည့်နိုင်ငံတစ်ခုဆိုလျှင် မှားမည်မထင်ပေ။

"တရုတ်နိုင်ငံက ဝါးနဲ့ပြုလုပ်ထားသည့် အအေးသောက်တဲ့ပိုက်တွေ၊ ဂေါက်သီးရိုက်ရာမှာ ချိန်ဆတဲ့ (T Stand) စတာတွေကို ဥရောပနိုင်ငံတွေမှာ ဈေးကောင်းပေးပြီး နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုနေပါပြီ " ဟု ဒေါက်တာမြင့်စိန်က ပြောသည်။

ထို့ပြင် ဝါးပင်များ ရှင်သန်ပေါက်ရောက်ရာ အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအိုစသည့် အရှေ့တောင်အာရှ နိုင်ငံများသည်လည်း ဝါးနှင့်ပတ်သက်သော ပရိဘောဂများ၊ လူ့အသုံးအဆောင်များ၊ အိမ်သုံးပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ ထုတ်လုပ်သည့်နေရာတွင်ထင်ရှားကြပြီး နိုင်ငံတကာဈေးကွက်အတွင်း နေရာယူလာကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည် အရေးကြီးသည့် သွင်းအားစုများဖြစ်ကြသည်။



ဝါးထုတ်ကုန်ပစ္စည်းများအားတွေ့ရစဉ်။

**"မြန်မာ့လက်မှုပညာဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ပြုလုပ်ထားသည့် ဝါးအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်ပါ ဈေးကွက်ဝင်ပစ္စည်းများဖြစ်လာစေရန် ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့် စနစ်တကျပေါင်းစပ် ဆောင်ရွက်လိုက်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများနည်းတူ မြန်မာ့ဝါးလက်မှုပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အခိုင်အမာနေရာရရှိလာမည်ဖြစ်"**



ဝါးထုတ်ကုန်ပစ္စည်းများအားတွေ့ရစဉ်။

ဝါးသည် မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်ဒေသများတွင် သဘာဝအတိုင်းရှင်သန် ပေါက်ပွားလေ့ရှိပြီး စိုက်ပျိုးသည့်အခါတွင်လည်း လွယ်လင့်တကူ စိုက်ပျိုးနိုင်သည်ဖြစ်ရာ ဝါးနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံဝါးကုန်ကြမ်းများအား လွယ်ကူပေါများစွာရရှိနိုင်သည်။

"ဝါးက သဘာဝအတိုင်းပေါက်ရောက်နိုင်သလို စိုက်ရတာလဲ လွယ်တယ်၊ **"၄က်ပျောကဆုန် ဝါးနယုန် ၄က်ပျောတစ်နှိုက် ဝါးတစ်မိုက် တစ်နှစ်သား ဝါးကိုစိုက်"** အဲဒီလိုဆို အခုလို ဝါးတောတန်းကြီးဖြစ်ပါပြီ" ဟု ဝါးရုံပင်ပေါင်း သုံးသိန်းခွဲကျော်ရှိသည့် စိမ်းစိုအုပ်မှိုင်းနေသည့် Orchard Farm အတွင်းရှိ ဝါးရုံပင်များအား လက်ညှိုးညွှန်ပြကာ ဒေါက်တာမြင့်စိန်က ရှင်းပြသည်။

ဝါးအရင်းအမြစ် အများအပြားထွက်ရှိရာ မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက ဝါးကို ခွဲခြမ်းစိတ်ဖြာ၍ လည်းကောင်း၊ အလုံးလိုက်သော်လည်းကောင်း နေရာစုံ၊ ကဏ္ဍစုံ အသုံးပြုခဲ့ကြသည်ဖြစ်ရာ ဝါးနှင့်ပတ်သက်သော မိရိုးဖလာလက်မှုပညာသည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူတို့အတွက် စိမ်းလှသည့် ပညာရပ်ကားမဟုတ်ပေ။

ထိုသို့ မြန်မာ့လက်မှုပညာဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ပြုလုပ်ထားသည့် ဝါးအခြေခံထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်ပါ ဈေးကွက်ဝင်ပစ္စည်းများ ဖြစ်လာစေရန် ခေတ်မီနည်းပညာ၊ စက်ကိရိယာများဖြင့် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်လိုက်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံများနည်းတူ မြန်မာ့ဝါးလက်မှုပစ္စည်းများသည် ပြည်ပဈေးကွက်တွင် အခိုင်အမာနေရာရရှိလာမည်ဖြစ်သည်။

ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုး၊ မွေးမြူရေးကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်သည့်အတွက် ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းသွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါးနှင့်ပတ်သက်သော ကုန်ချော၊ ကုန်ကြမ်းနှင့် ထုတ်ကုန်များကို ပြည်ပနိုင်ငံသို့ တင်ပို့နိုင်ပြီး နိုင်ငံခြားဈေးကွက်ရရှိလာရေး၊ လက်မှုပညာနှင့် ပတ်သက်၍ ပြည်ပသို့ ထိုးဖောက်နိုင်ရေး၊ ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံရှိ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များက ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။

ဝါးပင်မှတစ်ဆင့် ခေတ်မီဆန်းသစ်သော၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဝါးလက်မှုထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်အောင် စွမ်းဆောင်လာခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ရာ Orchard Farm အတွင်း ဝါးပင်များကို ကိုယ်တိုင်စိုက်ပျိုးပြီး တန်ဖိုးမြင့်ထုတ်ကုန်တစ်ခုအဖြစ် နိုင်ငံတကာဈေးကွက်သို့ တင်ပို့သွားမည့် ဝါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာ မြင့်စိန်က "ပစ္စည်းချင်း တူရင်တောင် ကိုယ့်နိုင်ငံကထုတ်တဲ့ ပစ္စည်းကအရည်အသွေးကောင်းနေရင် ဈေးကွက်ထိုးဖောက်နိုင်ပြီ ထုတ်ကုန်နှစ်ဆတိုးထုတ်လာရုံတင်မကဘူး ဝင်ငွေပါတိုးလာမှာပါ'' ဟု ပြောပြခဲ့သည်။




Orchard Farm ကန်ပေါင်ပေါ်တွင် စိုက်ပျိုးထားသည့် ဝါးရုံပင်များအားတွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး တက်ရောက်

**ရန်ကုန် မတ် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စေတီတော်၏မိုးကြိုးလွှဲကို မိုးတွင်းကာလမတိုင်မီ လျှပ်စစ်ပညာရှင်များနှင့် စစ်ဆေးဆောင်ရွက်သွားရန်၊ ရွှေစင်ရွှေပြားတပ်ဆင်မည့်နေရာများတွင် အင်္ဂတေကွာကျမှုများ ပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်မှုတွင် Gold Coating လဲလှယ်မှု ၁၀ လက်မပတ်လည် ရွှေချိန်တစ်ကျပ်သား တစ်ချပ်လျှင် ငွေကျပ်၂၅ သိန်း နှုန်းဖြင့် ချပ်ရေတစ်သောင်းလှူဒါန်းရန် သတ်မှတ်ထားပြီး စေတီတော်အား ယနေ့အချိန်အထိ ချပ်ရေ ၇၉၄၀ ကပ်လှူထားရှိသည်။ Gold Plate လဲလှယ်မှု ၁၀ လက်မပတ်လည် ရွှေချိန်ခြောက်ကျပ်သား တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ချပ်ရေ ၁၂၀၀ လှူဒါန်းရန် သတ်မှတ်ထားရှိပြီး ယနေ့အချိန်အထိ ချပ်ရေ ၁၁၀၈ ချပ် လှူဒါန်းပြီးစီးခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းများကို မတ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်၍ စေတနာရှင်ပြည်သူများ အနေဖြင့် ရွှေစင်ရွှေပြားများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေနိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကက အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၄) ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့်ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၅)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်(၇)ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစွမ်းအားများဖြင့် ဆောင်ရွက်ကြခြင်းသည် ကုသိုလ်တရားပင်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြည်လင်သည့် စိတ်နှလုံးဖြင့် ပြောဆိုဆောင်ရွက်ကြရကြောင်း၊ မိမိတို့ဆောင်ရွက်မှုများသည် အရိပ်ပမာအစဉ်လိုက်ပါသည့်အတွက် အရိပ်နှင့်တူသောကုသိုလ်ရကြောင်း၊ ထိုကုသိုလ်စေတနာဖြင့်ဆောင်ရွက်နေကြသည့် အဖွဲ့များအနေဖြင့် ရှေ့ဆက်ပြီး စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်ပရိတ်တော်၊ ဒေသနာတော်၊ ပါဠိ-မြန်မာစာအုပ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်ဗုဒ္ဓတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ထားဝယ် မတ် ၁**

ပြည်တွင်း၊ ပြည်ပ သာသနာပြုပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဗန်းမော်ဆရာတော်ကြီးနှင့် ဆရာကြီး ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်)တို့ တည်ထောင်ဖွင့်လှစ်ထားသော ထားဝယ်ဗုဒ္ဓတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့မယဉ်ငေးသာသနာ့ရိပ်သာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီးထွန်းညှိပူဇော်သည်။

ထို့နောက်ကြွရောက်လာကြသော သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ထားဝယ်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်မြို့မယဉ်ငေး သာသနာ့ရိပ်သာပဓာနနာယကဆရာတော် ဘဒ္ဒန္တကုလနန္ဒဉာဏ သဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယက ဩဝါဒကထာ မိန့်ကြားကာ B.A ဘွဲ့များ၊ Diploma Basic၊ Diploma (PA.B.E) ဘွဲ့များ လက်ခံယူကြမည့် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ဆက်လက်၍သံဃာတော်အရှင်သူမြတ်များအား အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်ဒေသရှိပြည်သူများအနေဖြင့် ထားဝယ်ဗုဒ္ဓတက္ကသိုလ်မှ ဗုဒ္ဓစာပေများလေ့လာသင်ယူပြီး ထားဝယ်ဗုဒ္ဓတက္ကသိုလ်ကြီးကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ခုနှစ်တို့တွင် အောင်မြင်ခဲ့ကြသော B.A ဝိဇ္ဇာဘွဲ့ရ ၃၀၊ Diploma ဘွဲ့ရ ၂၉ ဦးနှင့် Basic Diploma (PA.B.E) ၂၆ ဦးတို့အား ဘွဲ့လက်မှတ်များ ပေးအပ်ခဲ့ကြပြီး ထားဝယ်ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာဒေါက်တာဘဒ္ဒန္တဓမ္မာနန္ဒ(သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)က ဘွဲ့ယူပြီးကြသည့် သံဃာတော်၊ သီလရှင်၊ ကျောင်းသား ကျောင်းသူများ၏ သာသနာပြုကတိသစ္စာကို တိုင်ကြားပေးကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟင်္သာတမြို့နယ်၌ ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေးလျက်ရှိ

**ဟင်္သာတ မတ် ၁**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဟင်္သာတမြို့နယ်အတွင်းရှိ အသက်နှစ်လမှ ၅၉ လ အရွယ် ကလေးငယ်များအား ပိုလီယိုရောဂါ ကာကွယ်ဆေး အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်း အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် ကာကွယ်ဆေးတိုက်ကျွေးမှုကို ပြုလုပ်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ ဟင်္သာတခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းနှင့် အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်အိအိခင်နှင့် အဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ကာကွယ်ဆေး တိုက်ကျွေးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ငါးရက်တာကာလတွင် မြို့နယ်အတွင်းရှိ ကလေး ၂၂၆၅၂ ဦးတို့အား သက်ဆိုင်ရာစုရပ်များတွင် တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မုဒုံမြို့၌ ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ပြုလုပ်

**မုဒုံ မတ် ၁**

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁)နှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲကို ယမန်နေ့က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံမြို့)ရှိ စိုက်ပျိုးရေး အသက်မွေးမှု သင်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး ရော်ဘာစိုက်ပျိုးရေး ပညာရှင်



ဦးဝင်းတင်က ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ပျိုးပင်စိုက်ပျိုးထုတ်လုပ်မှုအကြောင်းအရာများနှင့် ရော်ဘာပင်ပြုစုပျိုးထောင်ရမည့်အချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာ ဖွံ့ဖြိုးရေးခြံ(မုဒုံ) တာဝန်ခံက သင်တန်းဆင်း အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများကိုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၄)

ခွန်နီဂါးတား(ရေနံ)နှင့် မောင်သုတ(စွမ်းအင်)

**စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ရေတိုရေရှည်အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

စွမ်းအင်ဝန်ကြီးဌာန၏ ချမှတ်ထားသည့် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အသုံးပြု၍ ရေနံချက်စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ ရည်စက်ရုံများအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စွမ်းအင်ဝန်ကြီးဌာနမှ ကိုယ်တိုင်ဝင်ရောက်ဆောင်ရွက်နေသည့်အပြင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနသည် ထွက်ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့အား ကုန်ကြမ်းနှင့် လောင်စာအဖြစ် အသုံးပြု၍ နိုင်ငံအတွက်လိုအပ်သည့် ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုနေသည့် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။







## အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ ပေးအပ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲခြင်းကို ၁၉၈၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်၊ ချောက်နှင့် ရေနံချောင်းမြို့များတွင် အရောင်းဆိုင် ငါးဆိုင်ဖြင့် မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များ စတင်ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။

၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်း အဆမတန်မြင့်မားလာခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များနှင့် အရောင်းဆိုင်များ တိုးချဲ့ဆောင်ရွက်ခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG အရောင်းဆိုင် ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် CNG အရောင်းဆိုင် နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် CNG အရောင်းဆိုင် သုံးဆိုင်၊ CNG အရောင်းဆိုင်စုစုပေါင်း ၄၆ ဆိုင်မှ CNG ယာဉ်စီးရေ စုစုပေါင်း ၂၈၃၀၁ စီးကို နေ့စဉ် ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ ခန့်အား ထိန်းညှိဖြန့်ဖြူးပေးလျက်ရှိပါသည်။

| စွမ်းအင်ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်များ | | | |
|---|---|---|---|
| စဉ် | တည်နေရာ | အရောင်းဆိုင် | ယာဉ်စီးရေ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၁ | ၂၆၉၇၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ၂ | ၇၀၉ |
| ၃။ | မကွေးတိုင်းဒေသကြီး | ၃ | ၆၂၁ |
| | စုစုပေါင်း | ၄၆ | ၂၈၃၀၁ |

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များ၌ CNG သုံး YBS မော်တော်ယာဉ်များ၊ အငှားယာဉ်များအပါအဝင် အခြား CNG သုံး မော်တော်ယာဉ် စုစုပေါင်း ၃၀၀၀၀ ခန့်ကို နေ့စဉ် နံနက် ၀၄:၀၀ နာရီမှ ည ၂၃:၀၀ နာရီအထိ သဘာဝဓာတ်ငွေ့ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ ပိုက်လိုင်းဖြင့် ပေးပို့လာသည့် Suction Pressure 120 PSI ခန့်ရှိသော သဘာဝဓာတ်ငွေ့များကို Dryer များဖြင့် မသန့်ရှင်းသော အခိုးအငွေ့များနှင့် ရေများအား စစ်ထုတ်အခြောက်ခံပြီး **CNG အရောင်းဆိုင်ရှိ Compressor စက်များဖြင့် Pressure 2500–3000 PSI (လေထုဖိအား၏ အဆ ၂၀၀ အထိ) Compressed ပြုလုပ်၍ ဆလင်ဒါအိုးများအတွင်း ဖိသိပ်ဖြည့်သွင်းပြီး CNG မော်တော်ယာဉ်များသို့ ရောင်းချပေးခြင်းဖြစ်ပါသည်။**

ထို့အပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ CNG ဖြည့်တင်းဝယ်ယူရန် လာရောက်သည့် မော်တော်ယာဉ်များသည် စွမ်းအင်ဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော CNG မော်တော်ယာဉ်များ ဟုတ်၊ မဟုတ်အား စစ်ဆေးနိုင်မည့် Automatic Number Plate Recognition(ANPR) စနစ်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါစနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော အခြား CNG အသုံးပြုခွင့်ထုတ်ပေးသော ယာဉ်များအား စနစ်အတွင်း ထည့်သွင်းထားရှိပြီးဖြစ်ပြီး YBS များ၏ ယာဉ်နံပါတ်များ ထည့်သွင်းမှုများ ပြီးဆုံးပါက Automatic Number Plate Recognition(ANPR) စနစ် စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

## CNG မော်တော်ယာဉ်များ CNG ဖြည့်တင်းရာတွင် တန်းစီစောင့်ဆိုင်းရမှုမရှိစေရန် စီမံဆောင်ရွက်ခဲ့မှု

CNG မော်တော်ယာဉ်များ CNG ဖြည့်တင်းရာတွင် တန်းစီ စောင့်ဆိုင်းရမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ စီမံဆောင်ရွက်ခဲ့ပါသည်–

- ❖ သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် သတ်မှတ်ထားသည့် Gas Pressure ရရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- ❖ CNG အရောင်းဆိုင်များတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်ခြင်းနှင့် အရန်မီးစက်များထားရှိ အသုံးပြုခြင်း၊
- ❖ CNG အရောင်းဆိုင်များ၏ အဝင်၊ အထွက်လမ်းများ အဆင်ပြေစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- ❖ ကုန်းတွင်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့တို့အား အပူစွမ်းအင် ထိန်းညှိဖြန့်ဖြူးနိုင်ရေး နည်းပညာအသုံးပြု၍ စီမံဆောင်ရွက်ခြင်း၊
- ❖ CNG အရောင်းဆိုင်များရှိ Compressor နှင့် ဆက်စပ်စက်ပစ္စည်းများ၏ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့သုံး (CNG) မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ပိုမိုဖြည့်ဆည်းပေးနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနက စီမံဆောင်ရွက်နေမှုအခြေအနေများ၊ သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် CNG ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် စီမံဆောင်ရွက်သွားမည့်အခြေအနေများ၊ CNG ဝယ်ယူရာတွင် တန်းစီစောင့်ဆိုင်းဝယ်ယူရမှု လျော့ကျသွားစေရေး၊ ပြည်တွင်းမှထွက်ရှိသည့် CNG ကို တိုးမြှင့်အသုံးပြုနိုင်ခြင်းဖြင့် စက်သုံးဆီ ဝယ်ယူရမှုလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု ခြိုးခြံချွေတာနိုင်ရေး စသည့် အကျိုးကျေးဇူးများနှင့် CNG ကို သက်သာသော ဈေးနှုန်းဖြင့် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးထားမှုများအပေါ်တွင် ပြည်သူများ အကျိုးခံစားမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသူများ၏ တင်ပြဆွေးနွေးမှုများအပေါ်တွင် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်တွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရရှိရန် အသင့်အတင့်ကျန်ရှိသော ရေနံမြေများတွင် တွင်းသစ်များတူးဖော်ခြင်း၊ ပေနက် တိုးချဲ့တူးဖော်ခြင်း၊ တွင်းဟောင်းပြုပြင်ခြင်း၊ ပိတ်ဆို့တွင်းများရှင်းလင်းခြင်း၊ တွင်းဟောင်း ပြန်လည်ဖွင့်လှစ်ခြင်း၊ သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်းလုပ်ငန်းများဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် **စာမျက်နှာ ၉ သို့** ❖

❖ စာမျက်နှာ ၈ မှ

ကြိုးစားဆောင်ရွက်နေသကဲ့သို့ ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့ကုန်ကြမ်းကို ဖိအားမြှင့် သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည်ကဲ့သို့ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ပိုမိုထုတ်လုပ်သုံးစွဲနိုင်ရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူနိုင်၍ အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်သဖြင့် ပြည်တွင်းသဘာဝဓာတ်ငွေ့ရောင်းချမှုအားလုံးကို ထုထည်အခြေပြုအစား အပူစွမ်းအင်အခြေပြုဖြင့် ပြောင်းလဲဆောင်ရွက်သွားရန် စွမ်းအင်ဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိပါသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများဖြစ်သည့် မအူပင်၊ အဖျောက်နှင့် မြန်အောင်တို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် သုတေသနပြုလုပ်၍ နည်းပညာ အသုံးပြုဆောင်ရွက်ခဲ့သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ရရှိလာသော သဘာဝဓာတ်ငွေ့များကို အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုတိုးမြှင့် ဖြန့်ဖြူးပေးလျက်ရှိပါသည်။

အနာဂတ် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးကဏ္ဍတွင် One BTU စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ဓာတ်ငွေ့ပေါင်းဆုံမည့် Gas Hub နှင့် ပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

### ပြည်သူများ သက်သာချောင်ချိမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်

စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရေးအတွက် YBS ယာဉ်များနှင့် Taxi ယာဉ်များကို ဦးစားပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)များအား ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ **CNG ဈေးနှုန်းသည် ဓာတ်ဆီတစ်ဂါလန်နှင့် ညီမျှသည့် သဘာဝဓာတ်ငွေ့ ၃.၆၆ ကီလိုဂရမ်ကို ၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးနေသည့်အတွက် တူညီခရီးအကွာအဝေးတစ်ခုကို နှိုင်းယှဉ်မောင်းနှင်ပါက CNG ယာဉ်များသည် ၁၄ ဆခန့် ကုန်ကျမှုသက်သာကြောင်း သုတေသနပြုထားပြီးလည်းဖြစ်ပါသည်။ ထို့အပြင် CNG အသုံးပြုသည့် Engine များသည် ဓာတ်ဆီ၊ ဒီဇယ် အသုံးပြုသည့် Engine များနှင့် နှိုင်းယှဉ်လျှင် အသုံးပြုနိုင်သည့် သက်တမ်းကို သိသာစွာကွာခြားမှု မရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေကြောင်းကို သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား ဦးဆောင်ကျင်းပ၍ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။**



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် CNG အရောင်းဆိုင်တာဝန်ရှိသူများ၊ CNG အသုံးပြုသည့် မော်တော်ယာဉ်ပိုင်ရှင်များအား တွေ့ဆုံမှာကြားစဉ်။

သို့ဖြစ်၍ CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ခရီးသွားပြည်သူလူထုထံမှ ယာဉ်စီးခများ ကောက်ခံရာတွင် အခြားစက်သုံးဆီမော်တော်ယာဉ်များ ကောက်ခံနေသည့် နှုန်းထားများထက် လျော့နည်းသက်သာစွာ ကောက်ခံရမည်ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေခြင်းဖြစ်သည့်အတွက် CNG မော်တော်ယာဉ်များ ပိုမိုပြေးဆွဲနိုင်ပါက သယ်ယူပို့ဆောင်ရေးစရိတ်များလည်း ကျဆင်းလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကျဆင်းမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေပြီး ပြည်တွင်းရေနံချက်စက်ရုံများမှ သုံးရာခိုင်နှုန်းခန့်ကိုသာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။ စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ပါက ပြည်ပမှ တင်သွင်းနေရသည့် စက်သုံးဆီသုံးစွဲမှုနှုန်းကို လျှော့ချသွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းသက်သာစေပြီး ခရီးသွား ပြည်သူများအနေဖြင့်လည်း ယာဉ်စီးနင်းခဈေးနှုန်းများ သက်သာစေမည်ဖြစ်ပါသည်။

CNG ကို ဓာတ်ဆီ၊ ဒီဇယ်များနှင့် နှိုင်းယှဉ်အသုံးပြုရာတွင် ကုန်ကျစရိတ်အနေဖြင့် CNG အသုံးပြုမှုသည် များစွာသက်သာနေသည်ကို အသုံးပြုသူများအသိပင်ဖြစ်ပြီး နည်းပညာဆိုင်ရာ သုတေသနပြုမှုများအရ CNG သည် သန့်ရှင်းသည့် စွမ်းအင်အမျိုးအစားဖြစ်၍ စက်ပစ္စည်းများ၏ သက်တမ်းကို ပိုမိုကြာရှည်စွာအသုံးပြုနိုင်သည်ကို တွေ့ရှိနိုင်ပါသည်။ ယင်းသို့ အားသာချက်များရှိသည့်အတွက် CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်များ၊ အငှားယာဉ်မောင်းများအနေဖြင့် **ခရီးသည်များထံမှ ယာဉ်စီးခများ တောင်းခံရာတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီကားများထက် သိသာစွာ လျှော့ချ၍ တောင်းခံပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်းကိုလည်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ သွားရောက်စစ်ဆေးစဉ် မော်တော်ယာဉ်မောင်းနှင်သူများကို တွေ့ဆုံ၍ တိုက်တွန်းပြောကြားခဲ့ပါသည်။**

မော်တော်ယာဉ်စီးနင်းသည့် ခရီးသည်များ လုံခြုံမှုရှိစေရေးနှင့် CNG ကို နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားမှုအပေါ်တွင် ပြည်သူများအကျိုးခံစားခွင့်ရှိစေရေး၊ CNG ဝယ်ယူရာတွင် တန်းစီစောင့်ဆိုင်း ဝယ်ယူရမှု လျော့ကျသွားစေရေး၊ CNG သည် စက်သုံးဆီများနှင့် နှိုင်းယှဉ်ပါက သန့်ရှင်းသောစွမ်းအင်ဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်သည့်အတွက် နိုင်ငံတကာတွင် ကျယ်ပြန့်စွာအသုံးပြုနေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တိုးမြှင့်သုံးစွဲသွားနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်

မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များတွင် တပ်ဆင်အသုံးပြုသည့် CNG Cylinder အိုးများအား သတ်မှတ်ထားသည့်ကာလများအတိုင်း ခေတ်မီစက်ကိရိယာများဖြင့် CNG Retest Factory အလုပ်ရုံတွင် စနစ်တကျစမ်းသပ်စစ်ဆေးပေးလျက်ရှိသည့်အပြင် သက်တမ်းပြည့်ပြီး CNG Cylinder အိုးများ အသစ်လဲလှယ်ပေးနိုင်ရေးတို့ကို စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါသည်။

မော်တော်ယာဉ်များတွင် ထည့်သွင်းအသုံးပြုမည့် CNG Cylinder အိုးများအား လုံခြုံစိတ်ချယုံကြည်စွာဆက်လက်အသုံးပြုနိုင်ခြင်းရှိ၊ မရှိတို့ကို CNG Retest Factory တွင် Cylinder အိုး၏ Valve နှင့် Valve Handle များအား ဖြုတ်၍ ကောင်း မကောင်း စစ်ဆေးဆောင်ရွက်ပေးခြင်း၊ Cylinder အိုးများ၏ အတွင်းနံရံများရှိ သံချေးများနှင့် အနည်အနှစ်များအား ဆေးကြောသန့်စင်ခြင်း၊ Cylinder အိုး၏ ပြင်ပမျက်နှာပြင်အား မူလသံသားပေါ်သည်အထိ ချေးချွတ်သန့်စင်ခြင်းနှင့် Cylinder အိုး၏ ခံနိုင်ရည် ဖိအား၊ မာကျောမှု၊ အထုအပါး၊ အိုးအတွင်းအပြင်ဒဏ်ရာများအား စစ်ဆေး၍ ဆက်လက်အသုံးပြုနိုင်ခြင်းရှိ မရှိ စစ်ဆေးပေးခြင်း၊ Cylinder အိုး၏ Pressure Relieve Device များမှ ဓာတ်ငွေ့ယိုစိမ့်မှုရှိ မရှိစစ်ဆေးခြင်း စသည်တို့အား မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**မော်တော်ယာဉ်တွင် ဓာတ်ဆီနှင့် CNG တို့ကို အသုံးပြုမောင်းနှင်၍ လောင်စာဆီသုံးစွဲမှုနှုန်းနှင့် ကုန်ကျစရိတ်နှိုင်းယှဉ်တွက်ချက်မှု**

| စဉ် | မော်တော်ယာဉ် အမျိုးအစား | အင်ဂျင်ပါဝါ | လောင်စာဆီ အမျိုးအစား | လောင်စာဆီ အသုံးပြုမှုနှုန်း | လောင်စာဆီ ဈေးနှုန်း | ၁၀၀ ကီလိုမီတာ မောင်းနှင်ခြင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ကုန်ကျငွေ (ကျပ်) | သက်သာမှု % (ဓာတ်ဆီနှင့်နှိုင်းယှဉ်ခြင်း) | |
| ၁ | Suzuki Ciaz | ၁၃၀၀ စီစီ | 95 RON Gasoline | ၁၇.၉၀ ကီလိုမီတာ/လီတာ | ၃,၂၇၀ ကျပ်/လီတာ | ၁၈,၂၆၈.၁၆ | - | ရန်ကုန်-မန္တလေး အမြန်လမ်း |
| ၂ | Toyota Probox | ၁၃၀၀ စီစီ | CNG (နိုင်ငံတော်မှ စိုက်ထုတ်ပေးခြင်း) | ၂၀ ကီလိုမီတာ/ကေဂျီ | ၂၇၃.၂၅ ကျပ်/ကေဂျီ | ၁,၃၆၆.၂၅ | ၉၂.၅ % | အမြန်လမ်း 40 km + မြို့တွင်းလမ်း 60 km |

**နိုင်ငံအလိုက် CNG ဈေးနှုန်းများအား နှိုင်းယှဉ်တင်ပြခြင်း**

| စဉ် | နိုင်ငံအမည် | CNG Price/Kg | CNG Price (Ks/Kg) | မှတ်ချက် |
|---|---|---|---|---|
| ၁ | မြန်မာ | ၂၇၃.၂၅ ကျပ် | ၂၇၃.၂၅ | |
| ၂ | ထိုင်း | ၁၈.၄၇ ဘတ် | ၁၉၈၁.၂၈ | ၁ ဘတ် = ၁၀၇.၂၇ ကျပ် |
| ၃ | တရုတ် | ၆.၆၄၃ ယွမ် | ၃၂၉၄.၉၉ | ၁ ယွမ် = ၄၉၆.၀၁ ကျပ် |
| ၄ | အိန္ဒိယ | ၈၈.၅ ရူပီး | ၃၆၆၃.၉၃ | ၁ ရူပီး = ၄၁.၄၅ ကျပ် |
| ၅ | ဩစတြေးလျ | ၂.၁ ယူရို | ၇၉၀၈.၁၂ | ၁ ယူရို = ၃၇၆၅.၇၉ ကျပ် |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၄-၀၂-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်သော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။)

❂ **အနာဂတ် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးကဏ္ဍတွင် One BTU စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ဓာတ်ငွေ့ပေါင်းဆုံမည့် Gas Hub နှင့် ပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျအလေးထားဆောင်ရွက်လျက်ရှိ**

❂ **CNG အသုံးပြုသည့် Engine များသည် ဓာတ်ဆီ၊ ဒီဇယ် အသုံးပြုသည့် Engine များနှင့် နှိုင်းယှဉ်လျှင် အသုံးပြုနိုင်သည့် သက်တမ်းကို သိသာစွာကွာခြားမှုမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေ**

# (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅ ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် မတ် ၁

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မျိုးစေ့ကုမ္ပဏီများမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များမှ တောင်သူလယ်သမားများ၊ မျိုးစေ့ထုတ်လုပ်တင်သွင်း ဖြန့်ဖြူး ရောင်းချသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် ရရှိသုံးစွဲနိုင်မှသာ သီးနှံများ အရည်အသွေးရော အထွက်နှုန်းပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများအား မိမိတို့ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော တောင်သူလယ်သမားများ သွင်းအားစု (မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီ စီမံဆောင်ရွက်ရန် ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခု မျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025) မှာ သတ္တမအကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုမျိုးစေ့ပြပွဲများကို အခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေပြီး တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူများ အရင်းအနှီး ပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွား ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မျိုးစေ့ပြပွဲ ၂၀၂၅ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အခမ်းအနား တက်ရောက်လာကြသည့် မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တောင်သူများနှင့်အတူ မျိုးစေ့ထုတ်စိုက်ခင်းများ၊ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

မျိုးစေ့ပြပွဲ ၂၀၂၅ တွင် စိုက်ခင်း ၁၂ ဧက အသုံးပြုစိုက်ပျိုးထားရှိပြီး ကုမ္ပဏီလေးခုနှင့် ဌာနမှ သီးနှံခုနစ်မျိုး၏ မျိုးပြားပေါင်း ၃၀ ကို စိုက်ပျိုးထားရာ အဆိုပါ စိုက်ခင်းများတွင် နေကြာသီးနှံ ၁၂ မျိုး၊ အစေ့ထုတ်ပြောင်းခုနစ်မျိုး၊ စင်တင်ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅ မျိုး၏ မျိုးပြား ၃၉ မျိုးကို စိုက်ပျိုးထား၍ ဌာနသုံးခု၊ ကုမ္ပဏီ ၂၁ ခုတို့က ပြခန်း ၃၂ ခန်းခင်းကျင်းပြသထားကြောင်း၊ ပြပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများက ကြည့်ရှုလေ့လာပြီး ကိုယ်တိုင်အကဲဖြတ်ပေးခြင်းဖြင့် တောင်သူများ ကြိုက်နှစ်သက်သော မျိုးများဖော်ထုတ်နိုင်မည့် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားသည့်အပြင် တောင်သူပညာပေးဆွေးနွေးပွဲများ၊ အမေး၊ အဖြေ ပဟေဠိဉာဏ်စမ်းဂိမ်းများကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

မျိုးစေ့ပြပွဲ ၂၀၂၅ (Seed Fair 2025) ကို မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း၊ လေ့လာသူများ၏ သိရှိလိုသည်များကို စိုက်ခင်းအလိုက်၊ ပြခန်းများအလိုက်၊ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲနှင့် MSME ဒေသထုတ်ကုန်ဈေးရောင်းပွဲတော် ကျင်းပ

ပဲခူး မတ် ၁

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ ယနေ့ ညနေပိုင်းတွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲနှင့် MSME ဒေသထုတ်ကုန်ဈေးရောင်းပွဲတော်ကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အကြို သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲနှင့် MSME ဒေသထုတ်ကုန် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဂုဏ်ပြုဘင်ခရာတီးဝိုင်းနှင့် ဂုဏ်ပြုပန်းဖွားအက အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ဒေသထွက် သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲဝင် သစ်သီးဝလံ ပန်းမန်များ ခင်းကျင်းပြသထားမှု၊ ဒေသထွက် လယ်ယာသုံးစက်ကိရိယာအရောင်းပြခန်း၊မွေးမြူရေးဆိုင်ရာပြခန်းများ၊ မွေးမြူရေး စံပြခြံများ၊ မျိုးစေ့၊ သွင်းအားစုနှင့် ဒေသထွက်ကုန် အရောင်းပြခန်း စုစုပေါင်း ၁၀၀ ကျော်အား ဆိုင်ခန်းတစ်ခုချင်းအလိုက် လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဒေသထွက်ကုန်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိနိုင်ရေး၊ ပြည်ပပို့ကုန်အဆင့်အထိ မျှော်မှန်းထုတ်လုပ်ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ပြခန်းများတွင် ဒေသထွက် ဝါး၊ သစ်သား လက်မှုပစ္စည်းများ၊ သံရည်ကြို ပုံသွင်းလောင်းထားသည့် သံထည်ပစ္စည်းများ၊ တန်ဖိုးမြှင့်ရေရှည်စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တောင်သူ လယ်သမားများအတွက် တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်များ၊ ဘက်စုံသုံး စိုက်ပျိုးရေးကိရိယာ စုစုပေါင်း ဒေသထွက်ကုန် အမျိုးပေါင်း ၈၀၀ ကျော်ကို ထည့်သွင်းပြသထားပြီး လာရောက်လေ့လာသူများ၊ စတုဒိသာကျွေးမွေးခြင်းများ၊ ဈေးဝယ်သူများအပြင် ဇာတ်သဘင်ပွဲများကို လာရောက်ကြည့်ရှုသူများ၊ ပွဲဈေးတန်းများ၊ ကလေးကစားကွင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ နွေရာသီ အခြေခံအားကစားနည်း ခုနစ်မျိုး အခမဲ့သင်ကြားပေး

ဟိုပုံး မတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒေသနှင့်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီ အခြေခံအားကစားနည်း ခုနစ်မျိုးကို ယနေ့နံနက်ပိုင်းမှ စတင်ကာ အခမဲ့သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအခြေခံအားကစား သင်တန်းအား မတ် ၁ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ၉နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး မြို့မအားကစားကွင်း၌ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကျောက်တိုင်ကွင်း၌ ဘော်လီဘော၊ သာသနာ့ဗိမာန်၌ စားပွဲတင်တင်းနစ်၊ ပေါင်လင်းစက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ မြန်မာ့သိုင်း၊ ခရစ်ကတ်၊ ထူးမြတ်အိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ တိုက်ကွမ်ဒိုစသည့် အားကစားနည်းများကို သက်ဆိုင်ရာနည်းပြ ဆရာများဖြင့် စနစ်တကျလေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြင်ဦးလွင်ဒေသရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ(ပြင်ဦးလွင်)၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇန်နဝါရီ ၁၁ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်နိုင်ရန် စက်မှုဝန်ကြီးဌာနအပြင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်း ရေတို/ရေရှည် ခွဲခြားပြီး စောင့်ကြည့်ကြပ်မတ်ခြင်းများ ပုံမှန်ပြုလုပ်ပေးရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ဌာနအလိုက်၊ လုပ်ငန်းများအလိုက် ဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြပေးရန် ပြောကြားလိုကြောင်း၊ စုပေါင်းဆောင်ရွက်မှသာ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ အကြီးစားလုပ်ငန်း ၅၃ ခု၊ အလတ်စားလုပ်ငန်း ၆၄ ခုနှင့် အငယ်စားလုပ်ငန်း ၄၂ ခု စုစုပေါင်းလုပ်ငန်း ၁၅၉ ခုကို ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်ထုတ်ပေးထားနိုင်ခဲ့ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်း ၇၇ ခု၊ အလတ်စားစီးပွားရေးလုပ်ငန်း ၂၈ ခု စုစုပေါင်း ၁၀၅ ခုကို SME Member Card နှင့် ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၈ ဘီလီယံမှလည်း MSME နှင့် အခြားကဏ္ဍများမှ လုပ်ငန်းရှင် ခြောက်ဦးကို ချေးငွေ ကျပ်သန်း ၂၃၁ ဒသမ ၀၃ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသော ကော်ဖီ၊ ဝိုင်နှင့် ယိုမျိုးစုံများသည် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ထုတ်လုပ်ထားသဖြင့် အရသာကောင်းမွန်ပြီး ဈေးကွက်လည်း ရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့နိုင်ရေး၊ ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များမှ လုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် စက်ပစ္စည်းများဝယ်ယူရန်၊ လုပ်ငန်းလည်ပတ်ရန်တို့အတွက် ချေးငွေရရှိရေး၊ FDA အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြား၍ ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်များကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Favourite ကော်ဖီထုတ်လုပ်ခြင်းလုပ်ငန်း၌ အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကော်ဖီမှုန့်များ ထုတ်လုပ်နေမှုတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မတ် ၁**

မန္တလေး တိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ဣန္ဒာသယကျောင်းတိုက် သန်းရတနာဓမ္မဗိမာန်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

### ကျန်းမာရေး အသိပညာပေး ဟောပြော

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၆ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၌ Symposium နှင့် Hands – On သင်တန်းများပြုလုပ်

**မန္တလေး မတ် ၁**

ခေတ်မီဆန်းသစ်လာသော Digital Technology အသုံးပြု၍ သွားနှင့်ခံတွင်းရောဂါများကို ပိုမိုထိရောက် မြန်ဆန်စွာနှင့် လွယ်ကူစွာ ကုသနိုင်ရန်အတွက် Digital Dentistry ကို တွင်ကျယ်စွာအသုံးပြုနိုင်ရန်ရည်ရွယ်၍ “Symposium on Digital Dentistry : Its Changes and Challenges ” ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ကျင်းပသည်။




အဆိုပါ Symposium တွင် ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင် လေးဦး၊ ပြည်တွင်းမှ ပညာရှင် သုံးဦးတို့က ဟောပြောဆွေးနွေးကြပြီး အဆိုပါ တက္ကသိုလ်မှ သင်ကြားရေး ဆရာဆရာမများ၊ ဘွဲ့လွန်သင်တန်းသားသင်တန်းသူများ၊ ကန်တော်နဒီ သွားနှင့် ခံတွင်းကုသရေးဆေးရုံနှင့် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတို့မှ သစ်လွင် သွားနှင့်ခံတွင်းဆရာဝန်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနား အပြီးတွင် ကိုရီးယားနိုင်ငံမှ သွားနှင့် ခံတွင်းဆရာဝန်ကြီးက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)အတွက် လေဆာစက်ကိရိယာ(Hu–Laser) နှင့် Bore graft ပစ္စည်းများလှူဒါန်းသည်။

ထို့ပြင် Guided Implant Sugery နှင့် ပတ်သက်၍ Hands–On သင်တန်းကို မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပထမနှစ် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းသားသင်တန်းသူများ တက်ရောက်လေ့ကျင့်ခဲ့ပြီး Digital Dentistry နှင့် ပတ်သက်သော စက်ကိရိယာပစ္စည်းများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းစုမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ကျွန်းစု မတ် ၁**

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ် အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြောင်းရွှေ့ရောက်ရှိလာသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၁ နာရီက ကျေးရွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်သည်။



### ရှင်းလင်းပြောကြား

ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မောင်းလော့်ကျေးရွာရှိ ဓမ္မာရုံ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား တွေ့ဆုံ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျွန်းစုမြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်နေရာမှ ယာယီနေရပ်စွန့်ခွာ ပြောင်းရွှေ့ရောက်ရှိလာသည့် အိမ်ထောင်စု ၁၀၀ ပြည်သူ ၅၄၀ အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက်ပေးအပ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၃၃၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၇၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။







ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက် ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မြို့သစ်ရပ်ကွက်ရှိ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်၌လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁) ရပ်ကွက်ရှိ တိုက်နယ်ဆေးရုံ၌လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ မြို့နယ် ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာရှိ ရွှေလင်ပန်းတိုက်နယ်ဆေးရုံ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ပွဲ ကျင်းပ

ပျော်ဘွယ် မတ် ၁

ပျော်ဘွယ်မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာထွန်းက သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိုက်ပျိုးသီးနှံများအတွက် သွင်းအားစုများ ပေးအပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား မျိုးစေ့များ ပေးအပ်သည်။

မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ပျိုးမည့် သမဝါယမအသင်း ကိုးသင်းမှ အသင်းသား ၁၉၄ ဦး၊ စိုက်ဧက ၆၀၀ အတွက် B-31 မျိုးစေ့အိတ်ပေါင်း ၄၃၇ အိတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



# အမေရိကန်က အစ္စရေးနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ လက်နက်ခဲယမ်းများရောင်းချမှု အတည်ပြု



ဝါရှင်တန် မတ် ၁

အမေရိကန်က အစ္စရေးနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ လက်နက်ခဲယမ်းများ ရောင်းချမှုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ လက်နက်ခဲယမ်းများ ရောင်းချမှုကို အရေးပေါ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွန်ဂရက်သို့ တင်သွင်းခဲ့သော်လည်း ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းမရှိဘဲ ရောင်းချရန် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါင် ၂၀၀၀ အလေးချိန်ရှိ ဗုံးကိုယ်ထည် ၃၅၂၈၉ လုံးနှင့် ပေါင် ၂၀၀၀ အလေးချိန်ရှိသော ဘန်ကာထိပ်ဖူး ၄၀၀၀ အပါအဝင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၄ ဘီလီယံတန်ဖိုးရှိ အခြားသောလက်နက်ခဲယမ်းများကို အစ္စရေးနိုင်ငံအား ရောင်းချရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါလက်နက်ခဲယမ်းများကို ၂၀၂၆ ခုနှစ်တွင် စတင်ပေးပို့မည်ဟု ခန့်မှန်းရသည်။

ထို့ပြင် ဒုတိယသဘောတူညီချက်အဖြစ် အမေရိကန်ဒေါ်လာ ၆၇၅ ဒသမ ၇ သန်းတန်ဖိုးရှိ အလေးချိန် ပေါင် ၁၀၀၀ ရှိသော ဗုံးများနှင့် လမ်းညွှန်ကိရိယာများကို ၂၀၂၈ ခုနှစ်တွင် ပေးပို့ရန် စီစဉ်ထားကြောင်း သိရသည်။

တတိယသဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၂၉၅ သန်းတန်ဖိုးရှိ Caterpillar D9 မြေတူးစက်များကို ၂၀၂၇ ခုနှစ်တွင် ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါလက်နက်ခဲယမ်းများကို အစ္စရေးသို့ ရောင်းချရန်ခွင့်ပြုခြင်းသည် ကွန်ဂရက်လွှတ်တော်က ပြန်လည်သုံးသပ်ခြင်းမရှိဘဲ ဒုတိယအကြိမ် အရေးပေါ် လက်နက်ရောင်းချခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် အမေရိကန်က အစ္စရေးသို့ လက်နက်ခဲယမ်းများ ရောင်းချခြင်းဖြစ်သည်။

အစ္စရေးကိုယ်စားလှယ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ပထမအဆင့်ကို နောက်ထပ် ၄၂ ရက် သက်တမ်းတိုးရန် ကိုင်ရိုမြို့၌ အဆိုပြုခဲ့ကြောင်း အီဂျစ်လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ဆင်ဟွာသတင်းဌာနသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသစစ်ပွဲကို အဆုံးသတ်ရန်နှင့် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့များ အလုံးစုံဆုတ်ခွာရေးကို အာမခံရန် ကြိုးပမ်းနေသည့် သဘောတူညီချက်၏ ဒုတိယအဆင့်ကို ဆွေးနွေးမှုများ မပြုလုပ်ရသေးကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးသဘောတူညီချက်၏ ဒုတိယအဆင့်သို့ ချက်ချင်းဝင်ရောက်ရေးအတွက် အစ္စရေးအစိုးရအား ဖိအားပေးရန် ဟားမတ်စ်အဖွဲ့က နိုင်ငံတကာအသိုက်အဝန်းကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့၏ ၄၂ ရက်ကြာ အပစ်အခတ်ရပ်စဲရေး ပထမအဆင့်သည် မတ် ၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရေး ဆွေးနွေး



မော်စကို မတ် ၁

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရေးအတွက် အမေရိကန်နှင့် ရုရှား တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

## ပြောကြား

အမေရိကန်နှင့် ရုရှားကိုယ်စားလှယ်အဖွဲ့တို့သည် တူရကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် တွေ့ဆုံခဲ့သည်။

၎င်းတို့၏ သံတမန်ရေးရာလုပ်ငန်းများ ပုံမှန်လုပ်ဆောင်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ထို့ပြင် မြောက်အတ္တလန္တိတ်ဌာန ညွှန်ကြားရေးမှူး အလက်ဇန္ဒားဒါချိမ်သည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးအဖြစ် ဝါရှင်တန်မြို့တော်သို့ မကြာမီထွက်ခွာတော့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

နှစ်နိုင်ငံအကြား သံတမန်ရေးဆိုင်ရာ ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အမေရိကန်အစိုးရသစ်နှင့် ပထမဆုံးထိတွေ့ဆက်ဆံမှုတွင် မျှော်လင့်ထားသည့်အတိုင်း တိုးတက်ပြောင်းလဲမှုများရှိလာကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ထို့ပြင် သမ္မတ ဒေါ်နယ်ထရမ့်နှင့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပရန် ဆန္ဒရှိကြောင်းလည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# ယခုနှစ် ဇန်နဝါရီလအတွင်း သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၄၀၁ သန်း ဝင်ငွေရရှိ

ကိုလံဘို မတ် ၁

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေသည် အမေရိကန်ဒေါ်လာ ၄၀၁ သန်းခန့်အထိ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအရေအတွက်သည် ယခင်နှစ်များ၏ ဇန်နဝါရီလတိုင်းတွင် ခရီးသွားလုပ်ငန်းမှရရှိသောဝင်ငွေများအနက် အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း နိုင်ငံ၏ဗဟိုဘဏ်က ပြောကြားသည်။ ဇန်နဝါရီလတွင် ကမ္ဘာလှည့်ခရီးသည် ၂၅၂၇၆၁ ဦး ဝင်ရောက်ခဲ့ကြောင်း ဗဟိုဘဏ်၏ ဖေဖော်ဝါရီ ၂၈ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယခုနှစ်အစောပိုင်းတွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် သုံးသန်းလာရောက်ရန် မျှော်မှန်းထားကြောင်း ခရီးသွားလာရေး ဒုတိယဝန်ကြီး ရူဝန်ရာနာဆင်ဂီးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း ပိုလီယိုပိုးရပ်စ်အမျိုးအစား (၁) (WPV1) ကူးစက်ခံရသူ နှစ်ဦး တွေ့ရှိ




အစ္စလာမ္မာဘတ် မတ် ၁

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း ပိုလီယိုပိုးရပ်စ်အမျိုးအစား (၁) (WPV1) ကူးစက်ခံရသူ နှစ်ဦးကို တွေ့ရှိခဲ့ကြောင်း အမျိုးသား ကျန်းမာရေးအင်စတီကျူ (NIH) က အတည်ပြုပြောကြားသည်။

## တွေ့ရှိခဲ့

အမျိုးသား ကျန်းမာရေးအင်စတီကျူရှိ ပိုလီယိုရောဂါပပျောက်ရေး ဓာတ်ခွဲခန်းသည် တောင်ပိုင်း ဆင်းဒ်ပြည်နယ်နှင့် အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်မှ ရောဂါကူးစက်ခံရသူ တစ်ဦးစီကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ပိုလီယိုရောဂါကူးစက်ခံရသူကို ပန်ဂျပ်ပြည်နယ်တွင် ပထမဆုံးအကြိမ်တွေ့ရှိခြင်းဖြစ်ပြီး ဆင်းဒ်ပြည်နယ်တွင် တတိယအကြိမ်မြောက် တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

ယမန်နှစ်အတွင်း နိုင်ငံအတွင်း၌ ပိုလီယိုရောဂါဖြစ်ပွားသူပေါင်း ၇၄ ဦး တွေ့ရှိခဲ့သည်။

ပါကစ္စတန် ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ်အရ ယမန်နှစ်အတွင်း အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံမှုအများအပြား ပြုလုပ်ခဲ့ပြီး အသက်ငါးနှစ်အောက် ကလေးများကို ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။

၂၀၂၅ ခုနှစ်၏ ပထမဆုံးအကြိမ် နိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ်ကို ဖေဖော်ဝါရီလ အစောပိုင်းတွင် စတင်ပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေး တိုက်ကျွေးခဲ့သည့် ကလေးငယ် ၄၅ သန်းကျော်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၄၂၉၄၀၃၆ ကျပ်)ကိုလည်းကောင်း၊ The Myanmar Terminal (TMT) ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၂၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၅၀၄၃၆၀၃၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်အနီး၌ လိုင်စင်မဲ့ Mazda Bongo ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင် ဖဒိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Toyota Voxy ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် ၃ ဒသမ ၃၇၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၅၈၅၉၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၄၄၆၈၅၉၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

မတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ဘားအံ – ထုံးအိုင်လမ်း အမှတ်(၈)ရပ်ကွက် အမှတ် (၈၅)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စက်မှုဇုန်ကားလမ်းအနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၃၄၁၉၂၆၂၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အမျိုးသမီးများအား တရုတ်မယားအဖြစ်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁

အမျိုးသမီးများအား တရုတ်မယားအဖြစ်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စံပြရွာနေ ခင်မျိုးကြည်(ခ)မြတ်နိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ သက်ထားဆွေ(ခ)သက်ထားတို့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ မ----၊ ၂၂/၂၄ နှစ်နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် (၁၀) ရပ်ကွက်နေ မ----၊ ၃၀/၂၄ နှစ်တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း(ပ) ၇၅/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း၊ အုန်းချောနယ်မြေရဲစခန်း(ပ)၇၆/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း အမှုဖွင့်လှစ် တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား အောင်မြေသာစံခရိုင် တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားခံ ခင်မျိုးကြည်(ခ) မြတ်နိုးနှင့် သက်ထားဆွေ(ခ) သက်ထားတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၃-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ) (ပထမပိုင်း)
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'လုပသောကြေးအိုးစည်' (အပိုင်း–၃)
- ၀၉:၄၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ် 'ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆီနေကြာဆီ'
- ၀၉:၅၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ ၂၀၂၅ ခုနှစ်တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် 'စိမ်းလဲ့တန်သာ' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၂၀ MRTV National News
- ၁၃:၅၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုရုပ်ရှင် မြန်မာဂန္ထဝင်ရုပ်ရှင် 'အဖိုးတန်မြေ'
- ၁၆:၄၅ Sports Diary
- ၁၇:၀၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၁၅ တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ) (ဒုတိယပိုင်း)
- ၁၈:၃၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၈:၄၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုတေး
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း–၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်းနိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'အလုထက်အတတ်ပညာကို ဦးစားပေးတဲ့ ရုပ်ရှင်ရှူးမလေး' (အကယ်ဒမီခင်သန်းနု) (အပိုင်း–၂)
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် 'ဟယာရထား'

### mitv

- 07:01 Evergreen Classic: Aung Chin Shit Par
- 07:12 Garbage to Green Gardens
- 07:38 Sri Ksetra, Field of Fortune & Glory (Part-2)
- 07:41 Myanmar Family Life: Rest & Recreation at the Zoo
- 08:01 News
- 08:28 Myanmar's Traditional Ceramics
- 09:02 Life of A Farmer
- 09:28 Today Myanmar: Advanced Traditions and Custom Arts Course
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကချင်)
- ၀၆:၃၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း–၂၇)
- ၀၇:၃၅ စတီရီယိုတေးများ
- ၀၈:၀၅ 'ဖွဲ့ညရဲ့ဇာတ်ခုံ' (အပိုင်း–၂)
- ၀၉:၀၅ ချစ်စရာအရွယ်ကစားကြမယ် 'Starry Garden နှင့် One Education'
- ၀၉:၃၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ယောက္ခမနှင့်တစ်ထောင့်တစ်ည'

### MRTV NRC

- ကချင် (၀၆:၀၀ မှ ၀၈:၀၀) ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
- ကယား (၀၈:၀၀ မှ ၁၀:၀၀) ငါးချဉ်ဟင်းရည်နှင့် ရိုးရာအထောင်
- ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀) သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း–၁၀)
- အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) အကြေပုဂံလိုတင်စားခေါ်ဝေါ်တဲ့ မြောင်းမြမြို့ဟောင်း
- အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) ဘားအံမြို့နယ်မှ ခရီးစဉ်အသစ် သဘာဝရေ လိုဏ်ဂူတောင်
- ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀) ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
- ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀) ချင်းပြည်နယ်၏အလှအပများ
- မွန် (၁၅:၀၀ မှ ၁၇:၀၀) ကြက်သွန်ဖြူစားခြင်း၏ကျန်းမာရေးအကျိုးကျေးဇူး
- ရခိုင် (၁၇:၀၀ မှ ၁၉:၀၀) သပြေသီးရဲ့ကျန်းမာရေး
- ရှမ်း (၁၉:၀၀ မှ ၂၁:၀၀) မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့ လက်မှုပညာ
- ဝ (၂၁:၀၀ မှ ၂၃:၀၀) ငါးပေါင်းပြုလုပ်နည်း

### MRTV News

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV Parliament

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၆၂)

### MRTV Farmers HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူဘဝမြှင့်တင်ဖို့ စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Family Farmers – the Future of Asia and the Pacific
- ၁၉:၅၀ Day in the Life of a Small Farm 1
- ၂၀:၀၀ ၃ူ(ဇာတ်လမ်း)
- ၂၂:၀၀ A Little Thing Caled Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV Sports HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Pele Birth of Legend 2016

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် Grade-12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်

မြစ်ကြီးနား မတ် ၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပူတာအိုမြို့ မြို့မရပ်ကွက် ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade-12 ဖြေဆိုနိုင်ရေး အခြေခံပညာအထက်တန်းကျောင်း (ပူတာအို)၌ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော ကျောင်းသား ကျောင်းသူများအား အာဟာရဒါနကျွေးမွေးခြင်းနှင့် အားပေးစကားပြောကြားခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား အားပေးအမှာစကားပြောကြားသည်။



ဆက်လက်၍ Grade-12 ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက Grade-12 ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၄၀ ကိုလည်းကောင်း၊ သင်ကြားရေး ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား အာဟာရဒါနအဖြစ် ကွေကာအုပ်နှင့် မုန့်များ ဒါနပြုကျွေးမွေးခြင်းလုပ်ငန်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံ ကုသဆောင်သစ်အတွင်း ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ အားပေးအမှာစကားပြောကြားပြီး ကုသရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဆေးရုံအတွက်ဆေးဝါးပစ္စည်းများနှင့်သမားတော်၊ အထူးကုဆရာဝန်များအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ သူနာပြုဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား လိုက်လံတွေ့ဆုံအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မန္တလေးနည်းပညာတက္ကသိုလ်နှင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့ရှိ ကျောင်းသားများကို အားပေး

နေပြည်တော် မတ် ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးနည်းပညာတက္ကသိုလ်နှင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့တွင် ရွှင်လန်းချမ်းမြေ့စွာ လေ့လာသင်ကြားလျက်ရှိကြသော ကျောင်းသားများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ပင်မစာသင်ဆောင်အနီး၌ လေ့လာပြီးသမျှကို အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေးဖလှယ်လျက်ရှိသော ကျောင်းသားများနှင့် ကွင်းဆင်းတိုင်းတာခြင်း ဆောင်ရွက်လျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၌ ရွှင်လန်းချမ်းမြေ့စွာ သင်ကြားလျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိမိတို့၏ နည်းပညာများဖြင့် တစ်တပ်တစ်အား ပါဝင်နိုင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် ပြည်သူ့အကျိုးပြု အင်ဂျင်နီယာကောင်းများဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းကဏ္ဍနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ တက္ကသိုလ်စာကြည့်တိုက်သို့ရောက်ရှိပြီး စာပေများလေ့လာဖတ်ရှုလျက်ရှိကြသော ကျောင်းသားများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တာဝန်ရှိသူများထံသို့တ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး AI၊ EV၊ E-services၊ E-commerce စသော သုတေသနပရောဂျက်များတွင် ကျောင်းသားများ၏ အဖွဲ့လိုက် Model နှင့် Web Application များ ရေးဆွဲတည်ထောင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ IT နည်းပညာအရွေ့တို့နှင့် အမီလိုက်ပါနိုင်ရေးနှင့် နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ထိုးဖောက်ယှဉ်ပြိုင်၍ နိုင်ငံ့ဂုဏ်ဆောင်ဆုများ ရရှိရေးကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် စုဝေးခန်းမ၌ တာဝန်ရှိသူများ၊ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အခက်အခဲလိုအပ်ချက် တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီးမြောက်ဥက္ကလာပမြို့နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ ယနေ့နံနက်ပိုင်းက (င)နှင့် (ည)ရပ်ကွက်ရှိ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ယာယီအိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ယာယီရွှေ့ပြောင်းနေထိုင်သူများ၊ နေရပ်စွန့်ခွာလာသူများအား ကော်မတီဖြင့်စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာ ဇင်နွယ်မြင့်၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် စနစ်သစ်သင်ရိုးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအားလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ရန် ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ ပို့ချမည်ဖြစ်သည်။

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံး ဖတ်စာအုပ်တွင် သင်ခန်းစာ အခန်းကြီး (၅) ခန်း ပါဝင်ပါသည်။

အခန်း (၁) သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်း ပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းများ ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမည်ဖြစ်သည်။

အခန်း (၃) သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံတချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသောနိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမည်ဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်း ဖြစ်သည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သော အခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့်သက်ဆိုင်သော အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်း ဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။

မေးခွန်းတွင် အပိုင်း(က) မှ အပိုင်း (စ) အထိ အပိုင်း (၆) ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်က (၁၀၀) ဖြစ်သည်။

သင်ရိုးသစ် ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်ပြီး အမှတ် (၃၀) ဖိုး မေးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိရှိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို အမှတ် (၃၀) အထိ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် (၁) ဖြစ်ကာ ၁(က)၊ ၁ (ခ) နှင့် ၁ (ဂ) ဟူ၍ ၃ ပိုင်း ပါရှိမည်။ မေးခွန်း ၁ (က) သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ) သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁ (ဂ) သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က) အတွက် (၁၀) မှတ်၊ ၁ (ခ) အတွက် (၁၀) မှတ် နှင့် ၁ (ဂ)အတွက် (၁၀) မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀) မှတ်ပေးထားခြင်းဖြစ်သည်။ ထို ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်း သင်ရိုးကျောင်းသုံးစာအုပ်ရှိ အခန်း (၁) မှ (၅) အထိ အပိုင်းအားလုံးမှ ထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမည်ဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂) တွင် မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုမှ ကြိုက်နှစ်သက်ရာ ၂ ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ရပြီး ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို (၇) မှတ်စီဖြင့် (၁၄) မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ (၁၄) မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကို မဖြေလိုက ပေးထားသည့် ၃ ခုအနက် (၂) ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

မေးခွန်း၏ အပိုင်း (ဂ) သည် သင်ရိုးဖတ်စာအုပ် မာတိကာပါ အခန်း ၂၊ ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၃) ဖြစ်သည်။ ယခု အပိုင်း (ဂ) တွင်လည်း အပိုင်း (ခ) မှာကဲ့သို့ မေးခွန်းရှည် တစ်ပုဒ် သို့မဟုတ် မေးခွန်းတို (၃) ပုဒ်မှ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုနိုင်ပြီး ပေးမှတ်မှာ (၁၄) မှတ်ဖြစ်သည်။

မေးခွန်း၏ အပိုင်း(ဃ) သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် နံပါတ် (၄) ဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့ကအပိုင်း (ခ) နှင့် (ဂ) ကဲ့သို့ မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် မေးခွန်းတို ၃ ခုအနက် ကြိုက်နှစ်သက်ရာ ၂ ခုကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ပေးမှတ်မှာလည်း မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ဖြစ်ပြီး မေးခွန်းတို (၂) ပုဒ် ရွေးချယ်ဖြေဆိုပါက တစ်ပုဒ်လျှင် (၇) မှတ်နှုန်းဖြင့် (၁၄) မှတ် ဖြစ်သည်။

မေးခွန်းအပိုင်း (င) သည် ဒေသန္တရပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၅) ဖြစ်သည်။ ထိုအပိုင်းသည် အမေရိကတိုက်များမှ တချို့သောနိုင်ငံများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့အပိုင်းများကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုအနက်မှ ကြိုက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ထိုအပိုင်းအတွက် ပေးမှတ်မှာလည်း ရှေ့ကအပိုင်းများကဲ့သို့ (၁၄) မှတ် ဖြစ်သည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အသစ်ပြောင်းလဲလာသော သင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်ကို အလွတ်ကျက်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုသော စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြုစုမည့်မေးခွန်းပုံစံမျိုးဖြစ်သည်။ ဆိုလိုသည်မှာ "တောင်အမေရိကတိုက်၏ သဘာဝပေါက်ပင်များအကြောင်းရေးသားပါ" ဆိုသော မေးခွန်းမျိုးထက် "တောင်အမေရိကတိုက်တွင် သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ ပျံ့နှံ့တည်ရှိမှုကို ရှင်းပြ၍ အဘယ်ကြောင့် ကန္တာရများဖြစ်ပေါ်လာသည်ကို ဆန်းစစ်ပါ" ဟူသော မေးခွန်းပုံစံမျိုးဖြစ်သည်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ် (၆) ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည် (၁) ပုဒ် သို့မဟုတ် မေးခွန်းတို (၂) ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိကအပိုင်းကြီး ၂ ပိုင်းရှိရာ ၎င်းတို့အနက်မှ ၁ ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မှတ်စုတိုရွေးချယ်ဖြေရန် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့်ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန် လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးသည့်အပိုင်းလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာ အချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ တွက်ချက်ရန်ပေးသော ပုစ္ဆာသည် အမှတ် (၁၄) မှတ်ဖိုး ဖြစ်နိုင်သကဲ့သို့ (၇) မှတ်တန် (၂) ပုဒ်ဖြေရသည်လည်း ရှိနိုင်ပါသည်။

နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် (၁၄) မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာ စနစ်အမျိုးမျိုးရှိသည်။ Grade–12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှ လွှတ်တင်ထားသော ဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် ပမာဏမည်မျှလိုမည်နည်းဆိုသည့် ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမည် ဖြစ်ပါသည်။ IRS LISS 4 နှင့်သက်ဆိုင်သော အချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမည် ဖြစ်သည်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင် ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပေးထားချက်များကို ရေးရာတွင် IRS LISS 4 ၏ အချက်အလက်များကို ရေးသားရန်ဖြစ်ပြီး အောက်ပါအတိုင်းရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူတွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ (Columns)၊ အတန်းများ (Rows) ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel) ဟုခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား (Pixel size) သေးသေးဖြင့် မှတ်နိုင်လေ၊ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အဦ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်သည်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက် ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ »»

»»» စာမျက်နှာ ၁၆ မှ

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိ အခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသော ပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်တွင် ပစ်ဇယ်အရွယ်အစား ၅.၈ မီတာ ရှိသော အကွက်များဖြင့် တစ်လိုင်းချင်း မှတ်တမ်းတင်သွားမည်ဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန် လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာနှင့် စားရမည်ဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းရန်လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းအရေအတွက် ၄၁၃၈ ကို ရမည်ဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန် လိုသေးသည်။ ၎င်းအရေအတွက်ကို ရှာရန်ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှ မြင်တွေ့ရသော မြေပြင်၏အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင် ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန်ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင် အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခု ပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင် အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက် (အတန်း) ရှိသော ပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက် (အတိုင်) ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် တချို့ဂြိုဟ်တုပုံရိပ်များသည် အလျား (တန်း) နှင့် အနံ (တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက် တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသောဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင် ပေးထားသည့် IRS LISS 4 တွင် ရောင်စဉ်စုအရေအတွက်သည် ၃ ခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နှင့် ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်းပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟု မေးထားခြင်းဖြစ်သည့်အတွက် ရရှိလာသော ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် “ဘစ်” အရေအတွက်ဖြင့် ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင် သိမ်းနိုင်သည့် ပမာဏ (Memory Storage) ကို “ဘစ်”၊ “ဘိုက်”၊ “မီဂါဘိုက်” စသည်တို့ဖြင့် ပြလေ့ရှိသည်။ ထို့ကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်** မှ **ဘိုက်** သို့ ယူနစ်ပြောင်းရန်လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သောပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော ပမာဏလည်း ကွဲပြားသည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်) ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့် မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက်ဆိုသည့် အဖြေကိုရမည် ဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အလျား / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ / ၅.၈ မီတာ (၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ / ၅.၈ မီတာ

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် X ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် X ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ X ၄၁၃၈ X ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ် (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် X ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

ထို့ကြောင့် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက် တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင်ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။ ဤအပိုင်းတွင် တွက်ချက်ရသည့် ပုစ္ဆာရှည်များကို အမှတ် (၁၄) မှတ်ဖိုး မေးနိုင်သည်သာမက ဂြိုဟ်တုပုံရိပ်များနှင့် စပ်လျဉ်း၍ တွက်ချက်မှုတစ်စိတ်တစ်ပိုင်းကို (၇) မှတ်တန်အဖြစ်လည်း မေးနိုင်သည်ကို သတိပြုသင့်သည်။

နမူနာ ပုစ္ဆာအနေဖြင့် ဖြတ်ထုတ်ထားသော ပုံရိပ်တစ်ခု၏ မြေပြင်အတိုင်းအတာသည် ၁၀၀ ကီလိုမီတာ x ၈၀ ကီလိုမီတာ၊ မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၁၅ မီတာ၊ ရောင်စဉ်စုအရေအတွက် ၄ ခုနှင့် မှတ်တမ်းတင်ထားသော် ၎င်းပုံရိပ်တွင် ပစ်ဇယ်စုစုပေါင်းမည်မျှရှိမည်နည်း။

ဦးစွာ ပုစ္ဆာတွင်ပေးထားချက်များနှင့် ရှာရန်ကိုရေးမည်။ ထို့နောက် တွက်ချက်ခြင်းအပိုင်းတွင် အတန်းလိုက်ပစ်ဇယ်အရေအတွက်နှင့် အတိုင်လိုက် ပစ်ဇယ်အရေအတွက်များကို အရင်ရှာရမည်။ ထိုသို့ရှာရာတွင် ယူနစ်တူစေရန် ကီလိုမီတာကို မီတာသို့ ပြောင်းလဲပေးရမည်ဖြစ်၍ ၁၀၀၀ မီတာနှင့်မြှောက်ရန်ဖြစ်သည်။ ထို့နောက် အတန်းနှင့် အတိုင် ၂ ခုတွင်ရှိသော ပစ်ဇယ်အရေအတွက်ကို မြှောက်ပြီး ၎င်းကို ပေးထားသည့် ရောင်စဉ်စုအရေအတွက်နှင့် ထပ်မံမြှောက်ပါက စုစုပေါင်း ပစ်ဇယ်အရေအတွက်ကို ရမည်ဖြစ်သည်။ ၎င်းအရေအတွက်ကို တစ်သန်းဖြင့် စားပါက စုစုပေါင်း မီဂါပစ်ဇယ်ကို ရမည်ဖြစ်ပါသည်။

**ပေးထားချက်။**

မြေပြင်အတိုင်းအတာ = ၁၀၀ ကီလိုမီတာ X ၈၀ ကီလိုမီတာ

မြေပြင်ရှိပစ်ဇယ်အရွယ်အစား = ၁၅ မီတာ

ရောင်စဉ်စုအရေအတွက် = ၄ ခု

**ရှာရန်။**

ပုံရိပ်ရှိ ပစ်ဇယ်စုစုပေါင်း = ?

**တွက်ချက်ခြင်း။**

အတန်းအတွက် ပစ်ဇယ်စုစုပေါင်း = ပုံရိပ်၏မြင်ကွင်းအကျယ် (အလျား) / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၁၀၀ x ၁၀၀၀ / ၁၅ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၆၆၆၆.၆၇ ပစ်ဇယ်

= ၆၆၆၇ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

အတိုင်အတွက် ပစ်ဇယ်စုစုပေါင်း = ပုံရိပ်၏မြင်ကွင်းအကျယ် (အနံ) / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၈၀ x ၁၀၀၀ / ၁၅ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၅၃၃၃.၃၃၃၃

= ၅၃၃၃ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ပစ်ဇယ်စုစုပေါင်း = အတန်းရှိပစ်ဇယ်စုစုပေါင်း x အတိုင်ရှိပစ်ဇယ်စုစုပေါင်း x ရောင်စဉ်စုအရေအတွက်

= ၆၆၆၇ x ၅၃၃၃ x ၄

= ၁၄၂၂၂၀၄၄၄ ပစ်ဇယ်

= ၁၄၂၂၂၀၄၄၄ ÷ ၁၀၀၀၀၀၀ (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

= ၁၄၂.၂၂၀၄၄၄ မီဂါပစ်ဇယ်

ပစ်ဇယ်စုစုပေါင်း = ၁၄၂ မီဂါပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ထို့ကြောင့် ပစ်ဇယ်စုစုပေါင်းမှာ ၁၄၂ မီဂါပစ်ဇယ် ဖြစ်သည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များ အပိုင်းဖြစ်ပါသည်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာအယူအဆအချို့ဖြစ်သည့် တည်နေရာ (Location)၊ ဦးတည်ရာ (Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး (Navigation) တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကိုဖော်ပြသော ဗက်တာ၊ ရာစတာတို့၏ အခြေခံသဘောတရားကို နားလည်ရန် လိုအပ်သည်။

ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက်အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ် (တစ်နည်းအားဖြင့် အစက်) ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကို ဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်း ရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကို သြဒိနိတ်များဖြင့် ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုးလေ့ကျင့်ထားသင့်ပါသည်။ နမူနာအဖြစ် အောက်ဖော်ပြပါပုံတွင် ပေးထားသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကိုဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

**စာမျက်နှာ ၁၈ သို့ »»»**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

မင်းဘူး မတ် ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံး၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မီးသတ်ဦးစီးဌာနမှ သင်တန်းသားတပ်ဖွဲ့ဝင်များ တက်ရောက်သည်။




ဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်အညီ ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်သလို သဘာဝဘေးအန္တရာယ်များ မကျရောက်ခင်ကတည်းက ကြိုတင်ပြင်ဆင်ကာ လေ့ကျင့်ရေးလုပ်ငန်းများ အစဉ်အမြဲဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကြားမှ စွန့်စွန့်စားစားလုပ်ကိုင်ကြရသည့်အတွက် ကျွမ်းကျင်မှုနှင့်ကြံ့ခိုင်မှုကို အသုံးချကာ အသက်ပေါင်းများစွာကို အောင်မြင်စွာကယ်တင်နိုင်ရန်လိုအပ်ပါကြောင်း၊ သင်တန်းကာလတစ်လျှောက် လျင်မြန်မှု၊ မှန်ကန်ထိရောက်မှု၊ စေ့စပ်သေချာမှုနှင့် ပြီးပြည့်စုံသောလုံခြုံမှုတို့ဖြင့် သတိပြုဆောင်ရွက်ကာ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း အမိန့်နှင့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရှာဖွေကယ်ဆယ်ရေးဝတ်စုံများပေအပ်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများနှင့် မြို့ဧရိယာကို စောင့်ကြည့်လွှမ်းခြုံနိုင်သော မီးဘေးလုံခြုံရေးကင်မရာ (Command and Control Room) ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းတွင် ခရိုင်နှင့်မြို့နယ်အတွင်းရှိ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်ခန်းဘာသာရပ်များဖြင့် စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကိုရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

»»» စာမျက်နှာ ၁၇ မှ




ဖြေဆိုချက်။

(ဇယား – က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား – ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား – ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုသြဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (6,9) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (6,9) (7,3) (5,3) |
| F | (5,3) (1,3) |

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့်ညာဘက်ရှိ ဧရိယာများကို (ဇယား – က) တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို (ဇယား – ခ) ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုသြဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း (ဇယား – ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ၏ ဆက်စပ်မှုကို လွယ်ကူစွာ ဖော်ပြနိုင်မည်ဖြစ်သည်။

ပထဝီဝင် သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင် အခြေခံသီအိုရီသဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာ အခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာ အခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကိုလည်း ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက် ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများရှိသော်လည်း ကျောင်းသားများ အလွယ်တကူဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမားနေ့အခမ်းအနား ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ စကားသံများ

သတင်း - ကျော်ဇင်စိုး(ပြန်/ဆက်)
ဓာတ်ပုံ- မောင်မောင်မြင့်(ရေနံသာမြေ)

ကန်ကြီးထောင့် မတ် ၁

ဧရာဝတီတိုင်းဒေသကြီးအဆင့် တောင်သူလယ်သမားနေ့အခမ်းအနားကို ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပရာ ဝါးဒူးကျေးရွာ၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။


ဦးဇော်ဝမ်း


ဦးမြင့်ကြိုင်


ဒေါက်တာ မိုးမိုးခိုင်


ဦးမြင့်ဝေ


ဒေါ်ခင်နှင်းဆီ

**ဦးဇော်ဝမ်း ညွှန်ကြားရေးမှူး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန**

ဧရာဝတီ တိုင်းဒေသကြီးမှာ တောင်သူလယ်သမားနေ့ အခမ်းအနားကို နှစ်စဉ်ခမ်းနားသိုက်မြိုက်စွာ ကျင်းပနေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သလို ဧရာဝတီတိုင်းဒေသကြီးဟာလည်း မြန်မာနိုင်ငံရဲ့ စပါးကျီလို့တောင် တင်စားခေါ်ဝေါ်ရလောက်အောင် စပါးအဓိက တိုင်းဒေသကြီးတစ်ခုဖြစ်ပါတယ်။ နှစ်စဉ် မိုးစပါး၊ နွေစပါး ဧကပေါင်း ၅၁ သိန်းကျော် စိုက်ပျိုးနေတာဖြစ်ပြီး စပါးတင်းသိန်းပေါင်း ၄၀၀၀ ကျော် ထွက်ရှိတဲ့အတွက် တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှု ၃၇၅ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရရှိနေပြီဖြစ်ပါတယ်။ ဒေသတွင်းစားသုံးမှုအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ ဆန်စပါးလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနေပြီး ပြည်ပဆန်တင်ပို့မှုမှာလည်း ဧရာဝတီတိုင်းဒေသကြီးကထွက်ရှိတဲ့ ဆန်စပါးတွေက ရာခိုင်နှုန်းအချိုးအစား အများဆုံးပါဝင်နေတာ ဖြစ်တဲ့အတွက် နိုင်ငံခြားငွေ ရှာဖွေပေးနေတဲ့ တိုင်းကြီးတစ်တိုင်းလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။

တောင်သူ လယ်သမားနေ့ အခမ်းအနားကျင်းပရာ ကွင်းအတွင်းမှာ တောင်သူပညာပေး စိုက်ခင်းတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းအပြင် ဆီထွက်ပဲပုပ်စတဲ့ ဆီထွက်သီးနှံစိုက်ခင်းတွေ၊ ပြည်ပပို့ကုန်ဈေးကွက် အလားအလာ ကောင်းမွန်တဲ့ အစေ့ထုတ်ပြောင်းစိုက်ခင်းတွေ၊ ဂျုတ်နဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းတွေကို တောင်သူတွေ တစုတစည်းတည်း လေ့လာနိုင်အောင် စိုက်ပျိုးပြသထားရှိမှာ ဖြစ်ပါတယ်။ ပြခန်းတွေအနေနဲ့ လည်း ဘိုးဘွားတွေလက်ထက်က အသုံးပြုခဲ့တဲ့ မိရိုးဖလာလယ်လုပ်ကိရိယာတွေ ပြသထားမည့်အပြင် ခေတ်မီလယ်ယာသုံး စက်ကိရိယာတွေ၊ တန်ဖိုးမြှင့်လယ်ယာထွက်ကုန်တွေ၊ မျိုးစေ့ဆိုင်ရာ ပြခန်းတွေ၊ မျိုးစေ့ထုတ်ကုမ္ပဏီပြခန်းတွေ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာပြခန်းတွေ၊ သစ်သီးဝလံ ပန်းမန်ပြခန်းတွေ၊ ထုတ်ကုန်တိုးမြှင့်နိုင်ရေးအတွက် MSME ပညာပေးပြခန်းတွေ၊ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ တောင်သူအကျိုးပြု ပညာပေးပြခန်းတွေ၊ ဌာနဆိုင်ရာပြခန်းတွေ၊ အဆင့်မြင့်ရေသွင်းနည်းစနစ်နှင့် ပစ္စည်းများပြခန်းတွေ၊ Digital Corner တွေ၊ ဒေသတွင်း ထုတ်ကုန်ပစ္စည်းသုတေသနနှင့် ဈေးကွက်သုတေသနပြခန်းတွေ၊ ဆိုလာစနစ်သုံးရေပေးနည်းစနစ်များ ပြခန်း၊ ငါးမွေးမြူရေးဆိုင်ရာ ပြခန်းတွေ၊ မွေးမြူရေးဆိုင်ရာ ပြခန်းတွေအပြင် တောင်သူနှီးနှောဖလှယ်ပွဲ၊ ထူးချွန်တောင်သူနှင့် ထူးချွန်ဝန်ထမ်း ဆုချီးမြှင့်ခြင်းတွေ၊ စကားဝိုင်း ဆွေးနွေးပွဲတွေ၊ အောင်နိုင်တိုးစပါးမျိုးအကြောင်း သက်ဆိုင်ရာပညာရှင်က ရှင်းလင်းဆွေးနွေးခြင်းတွေအပြင် ဒီနှစ်မှာ ထူးခြားမှုတစ်ခုအနေနဲ့ တောင်သူလယ်သမားနေ့နဲ့ တစ်ဆက်တည်း ဧရာဝတီပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဆိုတဲ့ခေါင်းစဉ်နဲ့ ပေါ်ဆန်းဖိုရမ်ကိုလည်း ခမ်းခမ်းနားနား ကျင်းပသွားမှာ ဖြစ်ပါတယ်။

**ဦးမြင့်ကြိုင် ညွှန်ကြားရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန**

ဧရာဝတီ တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီ၊ နိုင်ငံ့စပါးကျီ ဧရာဝတီဖြစ်တာနဲ့အညီ ရေတော်မိုးတော် လယ်မြေတွေ သာမက စပါးစိုက်ပျိုး၍ရနိုင်တဲ့ သဲဆန်ကုန်ကြော မြေတွေနဲ့ ရေကြီးကွင်း၊ ရေနက်ကွင်းဒေသတွေကိုပါ ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ပင်လယ်ဆားငန်ရေဝင်ရောက်နိုင်တဲ့ ဒေသတွေမှာလည်း ရေငန်တားတမံတွေပိတ်ပြီး စပါးတွေ နှစ်စဉ်တိုးချဲ့ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီမှာ တိုင်းဒေသကြီးအတွင်း မိုးစပါး ၃၇၅၇၁၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း ဖေဖော်ဝါရီ ၁၅ ရက်နေ့အထိ ၁၄၇၆၈၃၃ ဧက စိုက်ပျိုးထားရှိပြီး ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ မိုးစပါး၊ နွေစပါးသာမက ပြည်ပပို့ကုန် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသဖြင့် အမယ်စုံသီးနှံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံမြေပဲ၊ နှမ်းနှင့် မတ်ပဲသီးနှံတွေကိုလည်း အဓိကထားတိုးချဲ့စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ ၉၂၈၅၈ ဧက၊ နှမ်း ၂၂၉၁၂ ဧကနှင့် မတ်ပဲ ၁၀၃၇၁၁၉ ဧကအထိ တိုးချဲ့ စိုက်ပျိုးလာခဲ့ပါတယ်။ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီအဆင့်ဆင့်မှ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုကြောင့် နွေစပါးနှင့် အစေ့ထုတ်ပြောင်း တစ်ဧကအထွက်နှုန်းမှာ ပန်းတိုင်ရည်မှန်းချက်သို့ ရောက်ရှိခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ဆီဖူလုံရေးအတွက် ဆီပဲပုပ်ဧကတစ်သိန်းအား ၂၀၂၅-၂၀၂၆ ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆီပဲပုပ်ကို သီးနှံတစ်မျိုးတည်းသော်လည်းကောင်း၊ ပဲကြီးသီးနှံနှင့်လည်းကောင်း ရောနှောစိုက်ပျိုးရာတွင် တောင်သူတွေအနေနဲ့ အကျိုးအမြတ်ရရှိပြီး တိုင်းဒေသကြီးအနေနဲ့ ဆီဖူလုံရေးအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

တောင်သူ လယ်သမားတွေ သားစဉ်မြေးဆက် အဆက်ဆက် ဘဝအာမခံချက် ရရှိရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနဲ့အညီ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း လုပ်ငန်းတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားတွေ ပုံမှန်လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ လယ်ယာမြေဧက ၃၉၇၂၀၅၉ ဧကကို တောင်သူ ၇၁၄၆၅၈ ဦးသို့လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ လုပ်ငန်းဌာနတွေမှ အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့ပြီး ပြန်လည်စွန့်လွှတ်ခဲ့သည့် ၄၈၄၂၂ ဧကကို တောင်သူ ၆၁၈၆ ဦးသို့လည်းကောင်း၊ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ သစ်တော ပယ်ဖျက်ဧရိယာ ၂၆၀၇၈၂ ဧကကိုတောင်သူ ၂၀၅၅၉ ဦးသို့လည်းကောင်း၊ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ ၁၀၃၉ ဧကကို တောင်သူ ၅၇ ဦးသို့လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) တွေ ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှာ စုစုပေါင်းစိုက်ပျိုးဧရိယာ ၄၂၈၂၃၀၂ ဧကကို တောင်သူ ၇၄၁၄၆၀ တို့အား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)တွေ ထုတ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါက်တာမိုးမိုးခိုင်**
**ညွှန်ကြားရေးမှူး တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ဧရာဝတီ တိုင်းဒေသကြီးဟာ နှစ်စဉ် မတ်လ ၂ ရက်နေ့တိုင်း တောင်သူလယ်သမားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့တာပဲ ဖြစ်ပါတယ်။ ယခုနှစ် (၆၃)ကြိမ်မြောက် တောင်သူ လယ်သမားနေ့မှာ ကျွန်မတို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေနဲ့ မွေးမြူရေးဆိုင်ရာ ပြကွင်းပြကွက်တွေကို ပူးပေါင်းပါဝင် ပြသသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော နိုင်ငံဖြစ်တဲ့အတွက် ဧရာဝတီ တိုင်းဒေသကြီးဟာလည်း ရေမြေသဘာဝ ကျယ်ဝန်းကောင်းမွန်ပြီး တိရစ္ဆာန်အစာများပေါများ၍ မွေးမြူရေးလုပ်ငန်းအတွက် ရေခံမြေခံကောင်းများရှိသည်နှင့်အညီ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့်တိရစ္ဆာန်မျိုးစုံမွေးမြူထားရှိပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီး အတွင်းမှာ စားရေရိက္ခာ ဖူလုံသည်သာမက တိုင်းဒေသကြီးပြင်ပသို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်သည်အထိ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဝန်ဆောင်မှုရငွေတွေ ရှာဖွေပေးနေတယ်။ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းတစ်တိုင်းလည်း ဖြစ်ပါတယ်။

ဒီနေ့ အခမ်းအနားမှာတော့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မွေးမြူထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူတွေကို ဂုဏ်ပြုတဲ့အနေနဲ့ မွေးမြူထားတဲ့ တိရစ္ဆာန်အမျိုးအစားအလိုက် နှစ်စဉ်မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင် ဆုတွေ၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တွေနဲ့အညီ မွေးမြူထုတ်လုပ်တဲ့ မွေးမြူရေးခြံဂုဏ်ပြုဆု၊ တိရစ္ဆာန်ကျန်းမာရေးနဲ့ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ ဝန်ဆောင်မှုရငွေ အများဆုံးပေးသွင်းတဲ့ လုပ်ငန်းရှင်ဆုတွေ ပေးအပ်ချီးမြှင့်၍ ဒီနှစ်ဆွေးနွေးပြောကြားမည့် စကားဝိုင်း၏ ဆောင်ပုဒ်နဲ့အညီ ထုတ်ကုန်နှစ်ဆ တိုးမြှင့်ခြင်းကနေ ပို့ကုန်နှစ်ဆ တိုးတက်တင်ပို့နိုင်သည်အထိ မွေးမြူထုတ်လုပ်မှုလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွား မြှင့်တင်ပေးနိုင်မယ့် ရည်ရွယ်ချက်နဲ့ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

တောင်သူ လယ်သမားနေ့ အခမ်းအနားကျင်းပရာ နေရာဖြစ်တဲ့ ဝါးဒူးကွင်းမှာဆိုရင် မွေးမြူသူ ပညာပေးနည်းစနစ်အနေနဲ့ ကျွန်မတို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ရုံးချုပ်မှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘဲမွေးမြူသူတွေသို့ မှာယူဖြန့်ဖြူးပေးတဲ့ ဥစားဘဲဖြစ်တဲ့ ကာကီကင်းဘဲမျိုးတွေကို လက်တွေ့မွေးမြူနည်းစနစ်အား အသိပညာပေးလုပ်ငန်းတွေအနေနဲ့ ပြသထားရှိမှာပဲဖြစ်ပါတယ်။ မွေးမြူသူအကျိုးပြုပညာပေးပြခန်းအနေနဲ့ တိရစ္ဆာန်အစာပင်စိုက်ခင်းတွေ၊ မျိုးမြှင့်တင်ခြင်းလုပ်ငန်းအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးပစ္စည်းတွေ၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေအတွက် ကာကွယ်ဆေးတွေ၊ ကုသဆေးဝါးတွေ၊ ပညာပေး လက်ကမ်းစာစောင်တွေ၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု Video တွေကို ခင်းကျင်းပြသထားရှိမှာပဲ ဖြစ်ပါတယ်။

**ဦးမြင့်ဝေ တောင်သူ ဝါးဒူးကျေးရွာ အုပ်စု အနောက်စုလေးကျေးရွာ**

ကျွန်တော်တို့ ကျေးရွာမှာ တောင်သူလယ်သမားနေ့ အခမ်းအနားကို ကျင်းပပြုလုပ်တဲ့အတွက် လွန်စွာမှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ တောင်သူတွေအတွက်လည်း များစွာ အထောက်အကူဖြစ်စေပါတယ်။ စိုက်နည်း၊ ပျိုးနည်း၊ သုံးစွဲနည်း အစရှိတာတွေကိုလည်း သိရှိရမှာဖြစ်ပါတယ်။ နောက်ပြီး ဒီတောင်သူလယ်သမားနေ့ အခမ်းအနားမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြခန်းတွေ ပြသထားရှိပေးမှာဖြစ်တဲ့အတွက် လယ်ယာသုံး စက်ပစ္စည်းကိရိယာတွေ၊ စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့ပစ္စည်းတွေ၊ ဓာတ်မြေဩဇာတွေ အစရှိတဲ့အရာတွေကို လေ့လာခွင့်ရမှာဖြစ်တဲ့အပြင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကနေပြီးတော့ တိရစ္ဆာန်မွေးမြူရေးနဲ့ ပတ်သက်တဲ့ ပြခန်းတွေ ပြသမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ တောင်သူလယ်သမားတွေကို များစွာအကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေမှာ သေချာပါတယ်။ ဒီတောင်သူလယ်သမားနေ့ အခမ်းအနားကို လာရောက်လေ့လာကြည့်ရှုကြဖို့ တောင်သူဦးကြီးတွေကိုလည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဒေါ်ခင်နှင်းဆီ**
**တောင်သူ ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာ**

ကျွန်မအနေနဲ့ ပထမဦးစွာ ပြောကြားလိုတာကတော့ ကျွန်မတို့ရွာမှာတောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပပေးတဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအထူးပင် တင်ရှိပါတယ်။ ကျွန်မတို့ရွာမှာ တောင်သူလယ်သမားနေ့ အခမ်းအနား ပြုလုပ်ခွင့်ရတဲ့အတွက်လည်း များစွာဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာကြောင့်ဆို ကျွန်မတို့ရွာမှာ တောင်သူလယ်သမားနေ့ အခမ်းအနား ပြုလုပ်ခြင်းကြောင့် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝပစ္စည်းတွေနဲ့ စိုက်ပျိုးထားတဲ့ သီးပင်စားပင်နဲ့ သစ်ပင်ပန်းမန်တွေ၊ နေကြာ၊ ဂေါ်ဖီ၊ ဘူးသီး အစရှိတာတွေကို စိုက်ပျိုးပြသပေးထားတဲ့အတွက် တောင်သူတွေအနေနဲ့ နည်းပညာတွေ လေ့လာခွင့်ရရှိမှာဖြစ်သလို အဲဒီနည်းပညာတွေကို ပြန်လည် အသုံးချမယ်ဆိုရင် ကျွန်မတို့ တောင်သူတွေအတွက် များစွာအကျိုးရှိမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီပွဲမှာ ဌာနဆိုင်ရာပြခန်းတွေနဲ့ လယ်ယာသုံးစက်ကိရိယာပြခန်းတွေကိုလည်း ထည့်သွင်းပြသပေးသွားမယ်လို့ သိရပါတယ်။ လယ်ယာသုံးစက်ပစ္စည်းကိရိယာပြခန်းတွေ ပါတဲ့အတွက် ကျွန်မတို့လယ်ယာမြေမှာ အသုံးပြုဖို့ စက်ပစ္စည်းတွေကို လေ့လာဝယ်ယူနိုင်မှာ ဖြစ်ပြီး တောင်သူတွေအတွက် များစွာအကျိုးရှိမှာဖြစ်သလို စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေလည်း များစွာရရှိနိုင်မှာ ဖြစ်ပါတယ်။

ဝတ္ထုတို

# ကိုရွှေတောသား (ဆင်ကူး)




(၁)

"သိန်းအေးရေ သား ပြန်ရောက်နေပြီ မဟုတ်လား၊ လာပါဦးကွာ အဖေ့အနားကို''

ကျောင်းက ပြန်ရောက်နေပြီဖြစ်သော်လည်း သားဖြစ်သူက မကြားချင်ယောင်ဆောင်၍ ငြိမ်နေသည်။ ဦးသိန်းမောင်က မျက်မမြင်ဒုက္ခိတတစ်ဦး ဖြစ်သည်။ အိမ်ထဲကခေါ်နေသည့် ဖခင်ဖြစ်သူအနားသို့ သားဖြစ်သူကမသွားလိုပေ။ ကလေးသဘာဝဆော့ကစားဖို့သာ အာရုံရောက်နေသည်။ အစ်မများ ဝယ်ပေးထားသည့် သံပတ်ကားကလေးများဖြင့် တစ်ယောက်တည်း ငြိမ်၍ကစားနေသည်။

"ဂလုန်း ခွပ်''

"အား နာလိုက်တာ"

"ဟယ် အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲ၊ ဒုက္ခတွေ ရောက်ကုန်တော့မှာပဲ"

အိမ်ထဲတွင် ဆေးလိပ်ခွက်နှင့် ဆေးလိပ်တိုများ တစ်စစီပြန့်ကြဲကာ ဦးသိန်းမောင် လဲကျနေသည်ကို ဒေါ်သက်တင် မြင်သွားသည်။ အစ်ကိုဖြစ်သူအနားသို့ ကရောသောပါးပြေးလာရင်း ဆွဲထူပေးသည်။ ဦးသိန်းမောင်၏ ခြေထောက်တစ်ဖက်မှာ ဒဏ်ရာရသွားသည်။

"အစ်ကိုကြီးရယ် ခိုင်းစရာရှိရင် ညီမလေးကို လှမ်းခေါ်မှပေါ့။ အခုတော့ ဒဏ်ရာတွေ ရကုန်ပြီ။ ခုလည်း အစ်ကိုကြီး ခေါ်သံကြားကြားချင်း ညီမလေး လာမိလို့ပေပေါ့''

ပေါက်ပြဲသွားသည့် ဒဏ်ရာကို ကြည့်ရင်း ဒေါ်သက်တင်က ပြောသည်။

"ခေါ်မလို့ပါပဲ ဒါပေမဲ့ ခဏခဏခေါ်နေရတာ ကြာလာတော့ ညီမလေးကို အားနာလို့ပါ''

"ဟဲ့၊ သိန်းအေး၊ ဟယ်ဒီကောင်လေး စောစောက တွေ့လိုက်ပါတယ်"

အားလုံးကိုသိမြင်နေကာ ကြားနေရပေမယ့် သိန်းအေးလည်းကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသည်ဟု ခံစားရသည့်အတွက် ငြိမ်နေမိခြင်းဖြစ်သည်။ အဒေါ်ဖြစ်သူ၏ခေါ်သံကြောင့် ကြောက်ဆုတ်ကြောက်ဆုတ်ကလေး ထွက်လာသည်။

"ဟင် အဖေ ဘာဖြစ်သွားတာလဲဟင်"

မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

"ဒီမှာ သားအဖေ ခြေထောက်ဒဏ်ရာရသွားတယ်"

"ဗျာ"

"အေးဗျာမနေနဲ့၊ ဒါနဲ့ စောစောက သားအဖေ သားကိုခေါ်နေတာ မဟုတ်ဘူးလား၊ အဒေါ်ကြားလိုက်ပါတယ်''

"ဗျာ သားမကြားလိုက်ဘူး"

အဆူခံရမှာကြောက်၍ လိမ်ညာပြီး ပြောလိုက်ခြင်းဖြစ်သည်။ ပြန့်ကြဲကျနေသည့် ဆေးလိပ်တိုများနှင့် အမှိုက်ပြာစများအား သန့်ရှင်းရေးလုပ်လိုက်သည်။ အဖေဖြစ်သူ၏ မျက်နှာကိုအကဲခတ်ပြီး ကြည့်လိုက်သည်။ အဖေဖြစ်သူ၏ မျက်နှာတွင် ဝမ်းနည်းမှု အရိပ်အယောင်များ မြင်နေရသည်။

(၂)

"ညီမလေးရယ် ငါလည်းဒီဒုက္ခကြီးကို မြန်မြန်ကုန်ချင်ပါပြီဟာ။ နေရတာ နည်းနည်းလေးမှ အဆင်ပြေမနေပါဘူး။ ဩော် ရှေးလူကြီးသူမများပြောစကားက သိပ်မှန်တာပဲ၊ မျက်စိအဆုံး နားအရှုံးတဲ့''

ဦးသိန်းမောင်ကသူ့ကိုယ်သူ အားမလိုအားမရ ပြောသည်။

"ဒါလည်း ငါ့ရဲ့ ဝဋ်ကြွေးတွေပဲဖြစ်မှာပါ ညီမလေးရယ်"

"အစ်ကိုကြီးရယ် စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့၊ ကိုယ့်ကျန်းမာရေးကိုသာ ကိုယ်ဂရုစိုက်ပါ၊ အခုအစ်ကိုကြီး ဘာအဆင်မပြေတာရှိလို့လဲ၊ မြသက်တို့၊ အေးသက်တို့လို သမီးအလိမ္မာလေးတွေ ရှိနေတာပဲဟာကို''

ဒေါ်သက်တင်က အစ်ကိုဖြစ်သူကို အားပေးနှစ်သိမ့်လေသည်။ ဦးသိန်းမောင်၌ မြသက်၊ အေးသက်နှင့် သိန်းအေးဟူသည့် သားသမီးသုံးယောက်ရှိသည်။ မြသက်နှင့် အေးသက်တို့ ညီအစ်မနှစ်ယောက်သည် လိမ္မာကြ၏။ ကိုယ်စီအလုပ်တာဝန်များ မအားလပ်ကြသည့်ကြားကပင် ဖခင်ဖြစ်သူအပေါ် ဂရုစိုက်မှုမပျက်ကွက်ခဲ့ပေ။ လိုချင်ရာစားချင်ရာမှန်သမျှ လိုလေသေးမရှိ စီစဉ်ပေးကြမြဲရှိသည်။ သို့သော် သိန်းအေးဟုခေါ်သော သားယောက်ျားလေးသည် နည်းနည်းဆိုးချင်သည်။ ဖခင်ဖြစ်သူအပေါ် တစ်ခါတလေ၌ မသိကျိုးကျွံ ပြုတတ်သည်။ စတုတ္ထတန်းသို့ရောက်နေသည့်တိုင် စာကိုကြိုးစားအားထုတ်မှု နည်းနေတတ်သည်။ လပတ်စာမေးပွဲစစ်ဆေးတိုင်း အမှတ်ပြည့်ရုံသာ ရရှိလေသည်။

"ဝဋ်ကြွေး.... ဝဋ်ကြွေး တယ်လည်း ကြောက်စရာကောင်းတာပါပဲလား" ဟု ဝမ်းနည်းတကြီး ပြောနေသည့် အစ်ကိုဖြစ်သူမျက်နှာကို စိုက်ကြည့်ရင်း ဒေါ်သက်တင်က သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ အစ်ကိုဖြစ်သူ ပြောသမျှ နားထောင်နေသည်။

(၃)

"ပျားဖွပ်၊ သားထိုး၊ မယားခိုးတဲ့။ ဒီအလုပ်တွေဟာ ဘုရားမကြိုက်၊ တရားမထိုက်တဲ့အလုပ်တဲ့၊ အကုသိုလ် အင်မတန်များတဲ့ အလုပ်တွေပဲဟ ညီမလေးရ၊ ဒီအလုပ်တွေက ကောင်းစားလည်းခဏပဲ။ ဘယ်တော့မှ ကြာကြာအဆင်ပြေမနေဘူး။ ပြီးတော့ တံငါကွန်တစ်ချက်ပစ်ကတောမီး လယ်တစ်ခွက်မီးတို့တာနဲ့ အတူတူပဲတဲ့။ သိပ်ပြီး အကုသိုလ်ကြီးတာ။"

"အစ်ကိုကြီးရယ်"

အစ်ကိုဖြစ်သူ စကားကြောင့် ဒေါ်သက်တင်ရင်ထဲလည်း ဆို့နင့်ကြေကွဲရလေသည်။ အစ်ကိုဖြစ်သူအတွက် တွေးမိတိုင်း ရင်မောရလေသည်။

"သားကျွေးမှု မယားကျွေးမှုလည်း သမ္မာအာဇီဝကျကျပဲ လုပ်ကိုင်ရှာဖွေပြီး ကျွေးသင့်တာပါပဲ။ ဒါပေမဲ့ ငါ့ဝမ်းပူဆာမနေသာဆိုသလို တို့လူသားတွေဟာ ဖြစ်သလိုတွေးပြီး ကြုံသလိုလုပ်ကိုင်စားသောက်တတ်ကြတာ မဟုတ်လား"

"ဟုတ်တာပေါ့ အစ်ကိုကြီးရယ်''

"အေး အဲဒီလို ကိုယ့်ဝမ်းရေးအတွက် ရှာဖွေစားသောက်တဲ့နေရာမှာ သမ္မာအာဇီဝမကျဘဲ အကုသိုလ်ကံ မလွတ်ကင်းတဲ့ အလုပ်တွေနဲ့ လုပ်မိကြလေတော့ ဒီဘဝကောင်းစားခဲ့ရင်တောင် ကိုယ်ပြုမိခဲ့သမျှ အကုသိုလ်ကံဝဋ်ကြွေးတွေက သံသရာဘဝအဆက်ဆက် ပါကုန်ကြပြီပေါ့ ညီမလေးရယ်"

"အစ်ကိုကြီးရယ်"

ဝမ်းနည်းစွာပြောနေသည့် အစ်ကိုဖြစ်သူစကားကြောင့် ဒေါ်သက်တင်လည်း စိတ်မကောင်းဖြစ်ရသည်။

"အရွယ်ကလေးလည်းရ တရားဘာဝနာလေးတွေလည်း နာကြားမိလာတော့ ကိုယ်ပြုမိခဲ့တဲ့ အကုသိုလ်ကံတွေကို တွေးတွေးပြီး ကြောက်နေမိတယ် ညီမလေးရယ်။ တကယ်တော့ ဝဋ်ကြွေးဆိုတာ နောင်ဘဝထိတောင်မကူးဘူး၊ အခုဘဝကတည်းက ခံနေကြရတာဟ။"

"ဟင်း "

ဒေါ်သက်တင်လည်း အစ်ကိုဖြစ်သူ ပြောသမျှ နားထောင်ရင်း အစ်ကိုဖြစ်သူအတွက်တွေးကာ စိတ်မကောင်းဖြစ်နေမိသည်။ တစ်ချိန်က အစ်ကိုဖြစ်သူ ဘဝလေးအား ပြန်၍တွေးကာ မြင်ယောင်နေမိသည်။

(၄)

"ပျားသိန်းမောင်တဲ့။ ဒီနယ်တစ်ဝိုက်မှာ ဒီနာမည်ကိုမသိတဲ့သူက ခပ်ရှားရှားရယ်၊ ဒါနဲ့ ကိုယ့်လူက ကျုပ်ကို ဘာကိစ္စလာရှာရတာလဲ''

အိမ်သို့ရောက်လာသည့် ဧည့်သည်အား ကြိုဆိုဧည့်ခံရင်းမေးလိုက်သည်။ ဧည့်သည်ဆိုသူက ဦးသိန်းမောင်တည်ခင်းဧည့်ခံသည့် စားသောက်ဖွယ်ရာများကို စားရင်း သဘောကျစွာဖြေသည်။

"ဒီလိုပါအစ်ကို၊ ကျွန်တော်က ဆေးကုမ္ပဏီအတွက် ဆေးဖက်ဝင်ပစ္စည်းတွေ ရှာဖွေဝယ်ယူပေးရတဲ့ အဝယ်မန်နေဂျာပါ"

"ဩော် ဩော်''

ဦးသိန်းမောင်က ထိုလူပြောသမျှ နားထောင်ရင်း ခေါင်းတညိတ်ညိတ်ရှိလေသည်။

"အထူးသဖြင့် ကျွန်တော်တို့ ကုမ္ပဏီက ထုတ်တဲ့အားဆေးတစ်မျိုးမှာ ပျားရည်စစ်စစ်ကို အသုံးပြုပါတယ်''

"ဩော်''

"အဲဒါ ပျားရည်စစ်စစ်ရနိုင်ဖို့ ရှာရင်းနဲ့ အခုလို ပျားမုဆိုးကျော် ဦးသိန်းမောင်ဆီကိုမေးပြီး ရောက်လာရတာပါပဲဗျာ''

"ဟေ။ ဒါနဲ့ ပျားရည်က ဘယ်လောက်လိုချင်တာလဲ၊ ဈေးကကော"

"ဟုတ်ကဲ့ ပျားရည်က ရသလောက်ယူပါ့မယ်။ ဈေးကလည်း ဒီကဦးသိန်းမောင်ရောင်းနေကျဈေးထက် ပိုပေးပါ့မယ်။ အဓိကက ပျားရည်စစ်စစ် ရရင်ပြီးတာပါပဲ''

"ပျားရည်မစစ်မှာတော့ မပူနဲ့ဗျို့။ ပျားဖွပ်တဲ့နေရာမှာတော့ ဒီနယ်တစ်ဝိုက်မှာ ကျုပ်အပြင် အခြားလူမရှိဘူး။ အဲဒါကြောင့်ကျုပ်နာမည်ကိုပျားသိန်းမောင်လို့တောင် အများကခေါ်ဝေါ်ကြတာ။ ကဲ ပျားရည်စစ်စစ် ဘယ်လောက်ယူမလဲ သာပြော "

သည်လိုနှင့် ဦးသိန်းမောင်သည် ရသမျှပျားရည်များအား ထိုဆေးကုမ္ပဏီနှင့် ချိတ်ဆက်ကာ ရောင်းအားကောင်းနေတော့သည်။

"ကိုသိန်းမောင်ရယ် ရှင်လည်း တစ်နေ့တစ်နေ့ မနားရပါဘူးတော်၊ တစ်နေ့တလေလောက်တော့ နားပါဦးလား''

ဇနီးဖြစ်သူက တားပေသော်ငြား ဦးသိန်းမောင်သည် ပျားဖွပ်ခြင်းအလုပ်အား ရပ်နားခဲ့ခြင်းမရှိသလောက်ပင် နေ့စဉ်မပျက်ခဲ့ပေ။

"အစ်ကိုကြီး မနက်ဖြန်ကျရင် ရွာဦးကျောင်းမှာ တရားလာနာပါလား။ ဥပုသ်သီလလေးဘာလေး ယူပေါ့''

ညီမဖြစ်သူက ခေါ်သော်လည်း ဦးသိန်းမောင်သည် ဘုရားသွားဖို့စိတ်မဝင်စားခဲ့ချေ။

"ညီမလေးတို့ပဲသွားပါ။ ဒါနဲ့ မနက်ကျရင်တော့ ကျောင်းကဆရာတော်အတွက် အစ်ကိုကြီး ပျားရည်တစ်ပုလင်းလောက်တော့ လှူလိုက်မယ်ကွယ်''

"ဟယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးလည်း ဆရာတော်အကြောင်းကို သိရဲ့သားနဲ့၊ ဆရာတော်က သားသတ်လွတ်ပဲဘုန်းပေးတာလေ။ ဘယ့်နှယ် ပျားရည်လဲ။ ညီမလေး ယူမသွားရဲပါဘူး။"

"အေးပါ ညီမလေး သဘောပဲလေ''

"အစ်ကိုကြီးရယ် ဥပုသ်နေ့လေးတော့ ဒီပျားဖွပ်တဲ့ အကုသိုလ်အလုပ်ကြီးကို အနားပေးပါဦးလားဟင်''

ညီမဖြစ်သူက စေတနာဖြင့်ပြောသော်လည်း ဦးသိန်းမောင်က နားမဝင်ခဲ့ပေ။ ထိုနေ့မှာပင် ဦးသိန်းမောင်သည် တောထဲမှာ ပျားဖွပ်ရင်း ခြေချော်၍ သစ်ပင်ပေါ်က ပြုတ်ကျလေသည်။ မျက်လုံးကိုလည်း သစ်ကိုင်းနှင့် ရိုက်မိကာ မျက်လုံးနှစ်ဖက်စလုံး အလင်းကွယ်ခဲ့ရတော့သည်။ တစ်သက်လုံး ပြုလုပ်လာသော ဦးသိန်းမောင်၏ အကုသိုလ်ကံများသည် ဤမျှဖြင့်ရပ်မသွားခဲ့။ ဇနီးသည်ဖြစ်သူလည်း ထိုနှစ်ထဲမှာပင် ကွယ်လွန်သွားသည်။ ဦးသိန်းမောင်သည် ကုမရတော့သည့် မျက်လုံးများကြောင့် သူ့ဘဝ၏ လက်ကျန်အချိန်များအား မျက်မမြင်ဒုက္ခိတဘဝဖြင့် ကုန်လွန်နေတော့သည်။

"ပြီးခဲ့တာတွေ ပြန်တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့တော့လား အစ်ကိုကြီးရယ်။ ကံ ကံ၏အကျိုးတွေပဲပေါ့။ အခုလက်ရှိ ပစ္စုပ္ပန်တည့်တည့်မှာ အစ်ကိုကြီးသိထားရမှာက၊ အစ်ကိုကြီးရဲ့ စိတ်ထဲအတွေးထဲ အာရုံထဲတွေမှာ ဖြစ်ပေါ်နေတဲ့အတွေးတွေ ဆန္ဒတွေကို အတတ်နိုင်ဆုံးမှန်ကန်အောင်ထားရမယ်၊ ဖြူစင်အောင်လည်းကျင့်ကြံရမယ်၊ ပြီးတော့ ဗုဒ္ဓဘုရားရှင်ရဲ့အဆုံးအမ တရားဓမ္မတွေကို နှလုံးသွင်းပြီး ကိုယ့်ကိုယ်ကိုယ်အနေမြတ်အောင်လည်း နေတတ်အောင်နေရမယ် အစ်ကိုကြီးရဲ့။ ညီမလေးပြောတာသဘောပေါက်ရဲ့လား။''

ဒေါ်သက်တင်၏ တည်ကြည်အေးချမ်းလှသည့်စကားကြောင့် ဦးသိန်းမောင်လည်း ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလေသည်။ ။

## ကျေးလက်အလှူ

( အချိုးတွဲ )

☆ မီးခိုးတိတ် အလှူတော်
တူပျော်ပျော် ဆင်နွှဲ။
ဝက်သား ငရုတ်ကြော်နဲ့
ပဲဟင်းနော် အချဉ်သုပ်
လွေးတုပ်သည့်ပွဲ။

☆ တစ်ရွာလုံး ဗျို့အော်
ထမ်းရွက်ပျော် စည်ကား။
အလှူအိမ် ပေါင်းစုပြုလို့
ကောင်းမှုတွေပွား။

☆ ကျေးလက်ရဲ့ ရိုးသားပုံ
ဓနဂုဏ် မပြိုင်ဘဲ။
ယဉ်ကျေးစွာ နှလုံးသားနဲ့
ကြိုးစားစဉ်မြဲ။

☆ စပါးပေါ် အလှူပေး
ရက်ကောင်းရွေး စီမံကာ။
ကျေးတောရွာ တစ်ရွာလုံး
ရှင်ပြုံးညီညာ။

☆ လုပ်အားပေး ထွက်လို့လာ
ချစ်စရာ ရွာဓလေ့။
အိုးစည် ဒိုးပတ်သံ
မိုးသို့ညံ ရှင်ပြုပွဲကို
နွှဲကြပါပေ့။

ရွှေမြိုင်သူ(မြန်မာစာ)

## တပေါင်းလ သဲပုံစေတီပွဲ

☆ ဆောင်းနှောင်းလွန်စ နွေရောက်ပြီ
တပေါင်းမိန်ရာသီ၊
အင်ကြင်းသရဖီ အလှထူး
နုသစ်ပုရစ်ဖူး။

☆ လေပွေလေရူး ကျီစယ်ကာ
ကြွေလွင့်ရော်ရွက်ဝါ၊
အဖော်မဲ့ရှာ ရွှေဥဩ
လွမ်းတေးတွန်သံနှော။

☆ စည်ပြောသံများ တေးသံမြိုင်
ကျင်းပကြအပြိုင်၊
သူနိုင်ကိုယ်နိုင် အားအင်ခဲ
သဲပုံစေတီပွဲ။

☆ ပျော်မွေ့စွာနွဲ့ သောင်ပြင်ပေါ်
မြစ်၊ချောင်းနံဘေးနော်။
ရိုးရာပွဲတော် ယဉ်ဓလေ့
ဘိုးဘွားအမွေ အစဉ်အောက်မေ့
တပေါင်းလပြည့်နေ့။

စျာန်လေး(ပညာရေး)

## ထံတျာတေးသီ နွေပန်းချီ

❖ သစ်ပင်ပန်းများ လှိုင်လှိုင်ဝေ
သစ်ရွက်မြေသို့ကြွေ။
ရိုးတံကျဲပေ မြင်လေရ
နွေကိုအန်တုပြ။

❖ ဥသြငှက်က တေးသီဆို
ကြားရနားဝင်ချို။
ဆက်ရက်ချိုးဗို အပြိုင်မြူး
မြင်ရစိတ်ကြည်နူး။

❖ နီတျာပွင့်ဖူး ပေါက်လက်ပံ
ပင်နန်းထက်မှာစံ။
မွှေးလွန်းမြိုင်ယံ ကံ့ကော်ပန်း
လှပထွတ်ခေါင်နန်း။

❖ သောက်သုံ့ရှင်လန်း ရေချမ်းစင်
တွေ့ရမြန်ပြည်ခွင်။
ကုသိုလ်နေ့စဉ် မြတ်ဒါန
ရေခပ်ဖြည့်စွက်ကြ။
နွေဦးရာသီလှ။ ။

ရင်ခတ်ပန်း(စွယ်တော်)

ဆောင်းပါး

# ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူပါ

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

"အာရောဂျံ ပရမံလာဘံ" ဟူသည့် စကားအရ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်လေသည်။ မိမိကိုယ်ကိုကျန်းမာအောင် စောင့်ရှောက်နေထိုင်ရာတွင် စားသောက်ရေးသည် အလွန်အရေးကြီးလေသည်။ လူတို့၏ နေ့စဉ်စားသောက်မှုများသည် ခန္ဓာကိုယ်ကို အင်အားဖြစ်စေနိုင်ပြီး ကိုယ်ခန္ဓာအလေးချိန်ကို ထိန်းညှိပေးနိုင်လေသည်။ လူသားတို့ အပါအဝင် သက်ရှိများ ကောင်းစွာလှုပ်ရှားသွားလာနိုင်စေရန်နှင့် လုပ်ငန်းဆောင်တာများ အကောင်းဆုံးလုပ်ဆောင်နိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုပုံစံသည် အလွန်အရေးကြီးလှပါသည်။

လူတို့သည် အစားအသောက်ဟု ဆိုလျှင် အာဟာရဖြစ်ဖို့ထက် ခံတွင်းတွေ့ဖို့ကို အဓိကထား စားသုံးကြပါသည်။ အမှန်တကယ်တွင် ခံတွင်းတွေ့ဖို့ထက် ကျန်းမာရေးနှင့်ညီညွတ်စေဖို့က ပို၍အရေးကြီးလေသည်။ ခန္ဓာကိုယ်အတွက် အသွေးအသားနှင့် အင်အားဖြစ်စေသော အာဟာရဓာတ်များမှာ - ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်တို့ ဖြစ်ကြပါသည်။ အသားဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုတွင်ပါဝင်ပြီး သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်တို့သည် ရောဂါကာကွယ်စေသော အစာအုပ်စုတွင် ပါဝင်လေသည်။

လူတို့နေ့စဉ်စားသောက်သည့် အစားအစာများသည် ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်ဖွံ့ဖြိုးရေးနှင့် နေ့စဉ်လှုပ်ရှားသွားလာရေးတို့ကို များစွာအထောက်အကူပြုပါသည်။ အစားအစာ စားသောက်ရာတွင် အိုင်အိုဒင်းဆားကို ထည့်သွင်းချက်ပြုတ်စေရေးအတွက် ကျန်းမာရေးဆိုင်ရာ ပညာရှင်များနှင့် ဆရာဝန်ကြီးများက မကြာခဏ အကြံပြုတိုက်တွန်းကြသည်။ အိုင်အိုဒင်းဆားသည် လည်ပင်းကြီးရောဂါကို ကာကွယ်ပြီး ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်စေရန် များစွာအကျိုးပြုလေသည်။ အစာစားသောက်ရာတွင် အစာရှောင်ခြင်း၊ အစာစားချိန်လွဲမှားခြင်းများနှင့် အတိုင်းထက်အလွန် များပြားစွာ စားသောက်ခြင်းတို့ကို မပြုလုပ်သင့်ကြောင်း ဆရာဝန်ကြီးများက မကြာခဏ သတိပေးကြသည်။ "အစာလည်းဆေး၊ ဆေးလည်းအစာ"ဆိုသည့်အတိုင်း မိမိကျန်းမာရေးကို အထောက်အကူပြုသော စားသောက်မှုပုံသဏ္ဍာန်ကို လေ့လာမှတ်သား၍ ပြုမူနေထိုင်တတ်ရန် အရေးကြီးလှပါသည်။ အချိုရည်များ သောက်သုံးခြင်းနှင့် အဆီအဆိမ့်များသော အစာများ စားသောက်ခြင်းသည် နှလုံးနှင့် သက်ဆိုင်သော ရောဂါများဖြစ်ပွားနိုင်ပြီး ဆက်စပ်ရောဂါများ ထပ်မံဖြစ်ပွားနိုင်သဖြင့် ကြိုတင်ရှောင်ရှားသင့်ပါသည်။

ရေဓာတ်ပြည့်ဝစေရေးအတွက် လူတစ်ဦးလျှင် တစ်နေ့ ရေသုံးလီတာခန့် သောက်သုံးသင့်သည်ဟု ကျန်းမာရေးပညာရှင်များက အကြံပြုကြသည်။ ရေသောက်သုံးခြင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သော ရေဓာတ်ကို ပြည့်ဝစေပြီး ကျောက်ကပ်နှင့် ဆီးရောဂါဆိုင်ရာ ဝေဒနာများ မဖြစ်ပွားစေရေး ကာကွယ်တားဆီးပေးသည်။ ယင်းအပြင် အရည်ရွှမ်းသော အသီးအနှံများကို စားသုံးပေးသင့်သည်။ ရေသောက်ခြင်းကြောင့် ဆီးချိုသွေးချိုနှင့် နှလုံးသွေးတိုးဖြစ်ပွားမှုကို လျှော့ချပေးကာ ဆီးအနည်ထိုင်ခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်းတို့ကို တားဆီးကာကွယ်ပေးသည်။

"စောစောအိပ်ထ ပြုကျင့်က
တွင်းပ ကိုယ်ခန္ဓာ
ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း
ကင်းငြိမ်း လွန်ချမ်းသာ" ဟူသော လင်္ကာလေးအတိုင်း နံနက်စောစော အိပ်ရာထကာ လမ်းလျှောက်ခြင်း၊ လတ်ဆတ်သော လေကို ရှူရှိုက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းများသည် ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၍ ကိုယ်ကျန်းမာစိတ်ချမ်းသာရကြောင်း သိရှိခံစားရပါသည်။

လူတစ်ဦးသည် တစ်နေ့လျှင် မိနစ် ၃၀ ခန့် လမ်းလျှောက်ပေးရန် လိုအပ်ပြီး စိမ်းလန်းစိုပြည်သော မြင်ကွင်းသစ်များကို ကြည့်ရှုပေးရန် လိုအပ်သည်ဟု စာအုပ်စာပေများတွင် ဖတ်ရှုမှတ်သားရပါသည်။ စိတ်ပင်ပန်းနွမ်းနယ်နေပါက သီချင်းသီဆိုနားထောင်ခြင်း၊ အပျော့စား အားကစားပြုလုပ်ခြင်းများ ဆောင်ရွက်ခြင်းသည် ခန္ဓာကိုယ်နှင့် စိတ်ကို လန်းဆန်းတက်ကြွလာစေသည်။ ဒူးကို ကြာရှည်စွာ ကွေးညွတ်၍နေခြင်း၊ ထိုင်ခြင်းများ မပြုလုပ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဒူးကို ကြာရှည်စွာ ကွေးညွတ်၍ ထားခြင်းသည် သွေးကြောများကို ခေါက်၍ ပိတ်ထားသဖြင့် သွေးမလျှောက်တော့ခြင်း၊ ရုတ်တရက် ခြေထောက်ဆန့်တန်းလိုက်ပါက သွေးကြောများပွင့်ကာ အရှိန်အဟုန်ပြင်းစွာဖြင့် လှုပ်ရှားရုန်းကန်ကာ သွေးကြောပေါက်ခြင်း၊ သွေးကြောများ ကွဲထွက်ခြင်းတို့ဖြစ်ကာ အသက်ဆုံးရှုံးနိုင်သည်။ အထိုင်အထ မတတ်ပါက လူ့အသက်အန္တရာယ်ရှိနိုင်ကြောင်း သိရှိမှတ်သားရပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးရာတွင်လည်း အစားအစာအုပ်စုများ မှန်ကန်မျှတစွာ စားသုံးသင့်ပါသည်။ ပဲအမျိုးမျိုး၊ ငါးကလေး၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးပေးသင့်ပြီး အဆီအဆိမ့်များပြားသော အစာအစားများကို လျှော့ချစားသုံးသင့်ပါသည်။ အစာအစားများကို လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသုံးသင့်ပြီး အများအားဖြင့် ဆီကျန် ရေကျန် ဟင်းလျာများကို ပူပူနွေးနွေး စားသုံးသင့်ပါသည်။ အထူးသဖြင့် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးပေးရန် လိုအပ်လှပါသည်။ ဟင်းသီးဟင်းရွက်များတွင် လူတို့အတွက် လိုအပ်သော အာဟာရဓာတ်များ စုံလင်စွာပါဝင်ကာ မျက်လုံးအားကောင်းခြင်း၊ အစာအိမ်၊ အူမကြီး၊ ဝမ်းနှင့်သက်ဆိုင်သော ရောဂါများဖြစ်ပွားခြင်းကို လျှော့နည်းစေပါသည်။

ဥအမျိုးမျိုးနှင့် အသားငါးများကိုလည်း သင့်တင့်မျှတစွာ စားသုံးသင့်ပါသည်။ အစာအုပ်စုများ ပြည့်စုံမျှတစွာစားသုံးမှသာ အာဟာရချို့တဲ့ခြင်း ကင်းဝေးစေပြီး လူတို့၏ ခုခံအားစနစ်ကောင်းမွန်ကာ ရောဂါဘယများ အလွယ်တကူ မဝင်ရောက်နိုင်တော့ဘဲ ကျန်းမာသန်စွမ်းကြံ့ခိုင်လာမည် ဖြစ်ပါသည်။ သံဓာတ်ချို့တဲ့ခြင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်း၊ ဗီတာမင် ဒီ၊ ဗီတာမင် အေ ချို့တဲ့ခြင်းနှင့် မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ် ချို့တဲ့ခြင်းတို့မှ ကာကွယ်နိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုပုံစံကို ပြုမူကြရမည် ဖြစ်ပါသည်။

ကျန်းမာရေးကို အထောက်အကူပြုသော စားသောက်နေထိုင်မှုပုံစံသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်း၊ ကင်ဆာနှင့် ရောဂါအမျိုးမျိုးကို လျှော့ချကာကွယ်ပေးသည်။ သွေးပေါင်ချိန်ကို ထိန်းညှိခြင်း၊ သွေးတွင်းကိုလက်စထရောကို ကျဆင်းစေသဖြင့် ကျန်းမာသွက်လက် စေပါသည်။ အအေးမိဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့တွင် လျင်မြန်သက်သာ ပျောက်ကင်းစေကာ ခွန်အားပြည့်ဝခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာခြင်း၊ အဝမလွန်အောင် ကာကွယ်ခြင်းတို့ကို ထောက်ကူပေးနိုင်ပါသည်။

ရေများများသောက်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်း၊ တရားထိုင်ခြင်းတို့သည် စိတ်ဖိစီးမှု ကင်းဝေးစေပြီး ကိုယ်ခံအားကောင်းမွန်စေသဖြင့် ကျန်းမာပျော်ရွှင်သော ဘဝနေထိုင်မှုပုံစံကို ရရှိစေမည်ဖြစ်ပါသည်။ လူတို့၏ တစ်နေ့တာ လုပ်ဆောင်သင့်သည့် အနေအထိုင်၊ အပြုအမူ၊ အစားအသောက်စသည်များကို ဘက်စုံထောင့်စုံမှ ဆင်ခြင်နေထိုင်မှသာ ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း ဆုလာဘ်ကို ရရှိနိုင်မည် ဖြစ်ပါသည်။ မိမိတို့၏ စားသောက်နေထိုင်မှု မမှန်ခြင်း၊ မှားယွင်းခြင်းတို့ကြောင့် ခန္ဓာကိုယ်အတွက် အရေးကြီးသော ကိုယ်တွင်းအင်္ဂါများ၊ နှလုံး၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ ကျောက်ကပ် စသည်တို့ ပျက်စီးမသွားစေရေး ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်၍ မိမိကိုယ်ကို ကြိုတင်သတိရှိ စောင့်ရှောက်နေထိုင်ကြပါရန် ရေးသားတင်ပြအပ်ပါသည်။

## မျိုးနွယ်ကို စောင့်ရှောက်ပါ

( လေးဆစ်တွဲ )

○ မြန်မာ့ဂုဏ် ထိန်းသိမ်းပြု
အစဉ်တွေးရှု လုံမငယ်။
ဝတ်စားဆင် မြဲယဉ်ကျေး
လေးစားပါကွယ်။

○ သနပ်ခါး ပါးကွက်ခြယ်
ရင်ဖုံးရယ် မြန်မာပီသ။
နှုတ်ဝစီ အသွင်မရိုင်းနဲ့
ရှုတိုင်းလေးလှ။

○ ဦးညွှတ်ပါ ဆရာမိဘ
ရှိသေကြ ဆက်ဆံရာ။
မြန်မာမှန် ရိုးရာမမေ့
ထုံးဓလေ့ပါ။

○ အနောက်တိုင်း သရုပ်မှာ
ရိုင်းပျစွာ မဝတ်ဘဲ။
တို့မြန်မာ ဘာသာစကားကို
ပြောကြားစဉ်မြဲ။

○ မျိုးနွယ်ကို စောင့်ရှောက်ရေး
ဦးစားပေး ရွှေချယ်လေ။
ဖူးစာရှင် အိမ်ထောင်ဖက်
ဂုဏ်တက်ပါစေ။

○ မြန်မာ့သွေး စိတ်ဓာတ်တွေ
မွေးမြူမသေ့ တည်ရှိ။
ကမ္ဘာဝယ် မြန်မာ့သတင်း
ထုံသင်းစေ၏။

မောင်ခဲတံ(ပညာရေး)

# မုံရွာမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောက္ကာလမ်းကြားရှိ မီးရထားသံလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



မုံရွာ မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေးနှင့် ရပ်ဝေးရပ်နီးမှ ခရီးသွားပြည်သူများ၊ မြို့နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်စေရေး ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ လူစည်ကားရာနေရာဖြစ်သည့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောက္ကာလမ်းကြားရှိမီးရထားသံလမ်းတစ်လျှောက် သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မုံရွာဘူတာရှိ မီးရထားဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၁ဝဝ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ မတ် ၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့တွင် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂) IDP စခန်းမှ မီးဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဌာနဆိုင်ရာဝန်ထမ်းများက ဘုရားကြီးသိမ်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝက်ဘာကွင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝက်ဘာကွင်းအဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ မြို့မဈေးကြီးတွင် ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ၊ သားငါးများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကြီးလမ်းရပ်ကွက် ကျောင်းကြီးလမ်း လမ်းမကြီးမှ ကမ်းနားလမ်းအထိ လမ်းဘေးဝဲယာ တိုးချဲ့ကွန်ကရစ်ခင်းခြင်း၊ ပလက်ဖောင်းနှင့် ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းကြီးလမ်းရပ်ကွက် ကျောင်းကြီးလမ်းအား မင်းဘာကြီးလမ်းမှ ချင်းပုံလမ်းဆုံအထိ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းတွင် အမ်ဗွီတော်ဝင်ရတနာသင်္ဘောဖြင့် ရန်ကုန်မြို့မှ ဆန်၊ စားဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမ်ဗွီတော်ဝင်ရတနာသင်္ဘောတွင် ဆန်၊ စားဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ၁၃၇၉ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်ပြီး အဆိုပါပစ္စည်းများ အတင်အချပြုလုပ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသောကုန်ပစ္စည်းများအား စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် မတ် ၁

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ လွိုင်ကော်မြို့ ချီကယ်ကျေးရွာ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းနှင့် သီတဂူတက်လမ်းစက္ခုဆေးရုံ သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှု၊ ထေးသမရပ်ကွက် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ပြည်နယ် ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းအိမ်ရာများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချီကယ်ကျေးရွာ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းဝင်းနှင့် သီတဂူတက်လမ်း စက္ခုဆေးရုံဝင်းအတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများက ကုသိုလ်ပြုစုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှုအားပေးပြီးထေးသမရပ်ကွက်နှင့် ဒေါဆော်ဘီးကျေးရွာသို့ ရေပေးဝေနိုင်ရေး ရေစက်ရုံ ပြန်လည်ပြုပြင်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် အခြေခံပညာ လေ့ကျင့်ရေး အလယ်တန်းကျောင်း(ထေးသမ)သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ လာမည့်ပညာသင်နှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စာသင်ဆောင်များ ပြုပြင်နိုင်ရန်နှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ပေးရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ကုသရေးဦးစီးဌာနရုံးဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး ပြည်နယ်ကုသရေးဦးစီးမှူးရုံးနှင့် ပြည်နယ် ပြည်သူ့ဆေးရုံကြီး (လွိုင်ကော်)ရှိ ဝန်ထမ်းများ ပြန်လည်နေရာချထားရန် ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အိမ်ရာများအား ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ နေရာချထားနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းသို့ ရောက်ရှိကာ လာမည့်ပညာသင်နှစ်တွင် ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိသည့် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ အားကစားခန်းမများ၊ စားရိပ်သာများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ပါက သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ အသင့်နေထိုင်နိုင်ရေးနှင့် အားကစား လေ့ကျင့်သင်ကြားမှုများ စနစ်တကျ ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပြည့်စုံစွာ ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မော်လမြိုင် မတ် ၁

၂၀၂၅ ခုနှစ် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ရာမည အားကစားကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။





ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူ၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်ဘောလုံး အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်နယ်ဂုဏ်ဆောင်အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အထူးအာရုံစိုက်ပြီး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများကလည်း ချမှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းဘောင်အတွင်းမှ ကြိုးစားယှဉ်ပြိုင်ကြပြီး ဒိုင်လူကြီးများကလည်း ဘက်လိုက်မှု ကင်းစွာနှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားကာ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင် တက္ကသိုလ် ဘောလုံးအသင်းနှင့် နည်းပညာ တက္ကသိုလ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တောင်ကြီးမြို့ရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ခရိုင်/ မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့ဝင်များကို Royal Taunggyi Hotel ၌ တွေ့ဆုံရာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် ဖော်ရွေပျူငှာသည့် တိုင်းရင်းသားများ၏ ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ နေထိုင်စားသောက်ပုံများ၊ တန်ခိုးကြီးဘုရားစေတီများ၏ ရိုးရာပွဲတော်များအပြင် ရှုမငြီးစရာ ရှမ်းတောင်တန်း၏ သဘာဝအလှအပများ၊ သစ်ပင်ပန်းမန်များနှင့်စားပင်သီးပင်များ၊ အေးမြသာယာသော ရာသီဥတုအခြေအနေများသည် ပြည်တွင်း/ပြည်ပ ခရီးသွားများအတွက် မရိုးနိုင်သည့် ခရီးသွားဆွဲဆောင်မှုများဖြစ်ပါကြောင်း၊DMO များအနေဖြင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စီးပွားရေးရာဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။





ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အဆင့်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီးတို့သည် တောင်ကြီးမြို့ရှိ မဟာရဏဘုရားကျောင်းတွင် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်သင်ကြားပို့ချနေမှုအခြေအနေများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ အထင်ကရ ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် ဟိုပုံးမြို့နယ်ရှိ ထန်ဆမ်းဂူတို့ကို လှည့်လည်ကြည့်ရှုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟိုပုံးမြို့အနီးရှိ ဟိုပုံးရေထွက်ခရီးစဉ်ဒေသနေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

---

## တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥတ္တရသီရိမြို့နယ် ပိုတက်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁

တောင်သူ လယ်သမားနေ့ အထိမ်းအမှတ် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာအုပ်စု ပိုတက်ကျေးရွာ သုတရသ အလင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးကိုကိုမြတ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရာက်ကြသည်။

ဦးစွာ ဘုရားတောင်ကျေးရွာအုပ်စု ပိုတက်ကျေးရွာရှိ သုတရသ အလင်း”စာကြည့်တိုက်အဆောက်အအုံအသစ်ကို နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကိုကိုမြတ်၊ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားနေ့အကြို အထိမ်းအမှတ် ဥတ္တရသီရိမြို့နယ် ပိုတက်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ စာကြည့်တိုက်များအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB- T2 Set Top Box တစ်စုံကို လည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ လွှဲပြောင်းပေးအပ်ပြီး အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

---

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

❂ အဆန်စီယိုမှ

အခုပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အဆန်စီယိုဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်းကနေ အငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက် အက်စ်တွန်ဗီလာအသင်းနဲ့အတူ သွင်းဂိုးလေးဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းနဲ့ ကာဒစ်ဖ်အသင်းတို့ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ တိုက်စစ်မှူး အဆန်စီယိုတို့ရဲ့ ကောင်းမွန်တဲ့တိုက်စစ်အတွဲကြောင့်သာ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ကာဒစ်ဖ်အသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ၁၉၅၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်ရေးနဲ့ ၁၉၉၆ ခုနှစ်နောက်ပိုင်း ပထမဆုံးပြည်တွင်းဆုဖလားတစ်ခုကို ရယူဆွတ်ခူးနိုင်ရေး မျှော်လင့်ထားတာဖြစ်ပါတယ်။

အခြားသောအက်ဖ်အေပွဲစဉ်တွေမှာတော့ ခရစ္စတယ်ပဲလေ့စ်အသင်းက မီဝေါလ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ပရက်စ်တန်အသင်းက ဘန်လေအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ပုသိမ်မြို့ ဘုံကျော် မဟာစည်သာသနာ့ရိပ်သာဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် ဝိဇ္ဇာတမွေးနေ့ပွဲ ကျင်းပ

ပုသိမ် မတ် ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဘုံကျော် မဟာစည်သာသနာ့ရိပ်သာ ပဓာန မဟာနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိစာရ၏သက်တော်(၉၁)ပြည့် ဝိဇ္ဇာတမွေးနေ့ပူဇော်ပွဲကို ယနေ့တွင် အဆိုပါသာသနာ့ရိပ်သာဓမ္မာရုံကြီး၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မဟာစည်သာသနာ့ရိပ်သာဆရာတော်ကြီးက ရှစ်ပါးသီလချီးမြှင့်သည်။

ဆက်လက်၍ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်ကြပြီး မြို့မရိပ်သာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် မြို့မဆရာတော်ကြီးက မွေးနေ့အမှတ်တရမုဒိတာစကားမိန့်ကြားကာ ပုသိမ်မြို့ မောင်းထောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနမဟာနာယက ဆရာတော်ကြီးက ဝိဇ္ဇာတမင်္ဂလာအနုမောဒနာတရား ချီးမြှင့်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



■ MNL မှ

ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးပွဲတွင် ဟံသာဝတီကို ဂိုးပြတ်အနိုင်ယူပြီး တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်နှင့်အတူ အမှတ်ပေးချန်ပီယံဆုကို ခြောက်ကြိမ်မြောက် စံချိန်တင် ရယူနိုင်ခဲ့သည်။ ထို့ပြင် တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်ကို သုံးရာသီဆက်နှင့် လေးကြိမ်မြောက် ရယူနိုင်ခဲ့သလို MNL ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအဖြစ် ငါးရာသီဆက် ဖိုလ်စွဲသည့်အသင်းဖြစ်လာသည်။ ယခုရာသီတွင် စံချိန်သစ်များစွာဖြင့် ဖိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲ ၂၀ ဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံအသင်းများတွင် နိုင်ပွဲအများဆုံးစံချိန်၊ ရမှတ် ၆၂ မှတ်ဖြင့် ချန်ပီယံဖြစ်သည့်အသင်းများတွင် ရမှတ်အများဆုံးစံချိန်တို့ပါ တင်ရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄-၂၀၂၅ ရာသီတို့တွင် ရယူနိုင်ခဲ့ပြီး ၂၀၁၉၊ ၂၀၂၂၊ ၂၀၂၃ နှင့် ၂၀၂၄-၂၀၂၅ ရာသီတို့တွင် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် ဖိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်သော်လည်း ပွဲစကတည်းက ဟံသာဝတီကို ဖိကစားနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းကတည်းက လေးဂိုးပြတ်အနိုင်ရနေပြီး အနိုင်ဂိုးများကို ၉၊ ၂၈ မိနစ်တွင် ရဲရင့်အောင်၊ ၁၇ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ၃၈ မိနစ်တွင် ရင်တာရိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ရဲရင့်အောင်က ရရှိသည်။




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်ဖြင့် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ရွှေဖလားချီးမြှင့်စဉ်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရရှိသည့် ဟံသာဝတီယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်းသုံးရာ၊ ဒုတိယဆုရရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်းငါးရာ၊ ပထမဆုရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ခုနစ်ရာ၊ ချန်ပီယံဆုဖလားနှင့် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်အတွက် ရွှေဖလားတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ သံသုမာလမ်းပေါ်ရှိ မြေတိုင်းရပ်ကွက် အမှတ် (၅၆)၊ မြေကွက်အမှတ် ( ၄ နှင့် ၈က^၁၊ ၁၁က^၁၊ ၁၁ခ^၁ / ၁/၁ - A - 45 )၊ (၃၀x၆၀)ပေရှိ ဂရန်မြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့/မြေ စာရင်းတွင် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်ကို လက်ရှိထားပိုင်ဆိုင်သည့် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှပင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသကြိန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၄၄)
ဖုန်း- ၀၉-၄၂၇၄၁၁၁၄၁

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ နှင်းဆီမြိုင်(၃)လမ်း၊ အမှတ်-(၂၂၀/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၂၂၀/ခ)၊ အကျယ် အဝန်း (၂၀' x ၆၀') ပေရှိ ပါမစ်မြေအမည်ပေါက် ဒေါ်ခင်မျိုးဝင်း[၁၂/ဥကတ(နိုင်)၀၀၃၉၄၂] မှတ်သား တည်ရှိပိုင်ဆိုင်သော မြေနှင့်နေအိမ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် နေ့မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း (LL.B) (စဉ်-၈၇၉၂)
ဒေါ်နီနီဝင်း (LL.B) (စဉ်-၅၁၇၁၈)
ဒေါ်နှင်းဝေလွင် (LL.B) (စဉ်-၅၄၃၀၅)
ဦးထွန်းသူအောင် (LL.B) (စဉ်- ၅၅၇၆၄)
တရားလွှတ်တော်ရှေ့နေ
အထက်တန်းရှေ့နေများ
အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉- ၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉

# တိုက်ကြီးမြို့နှင့် မှော်ဘီမြို့ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁

ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံ ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြသည်။



မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံ စတင်ဆောင်ရွက်စဉ်က သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းကိုသာ အကာအကွယ်ပေးဆောင်ရွက်ခဲ့ပြီး ယခုနှစ်ဆောင်ရွက်ခဲ့သည့် သီးနှံအာမခံကို သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအပြင် အပိုအကာအကွယ်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခြင်းကိုပါ အကာအကွယ်ပေးဆောင်ရွက်ခဲ့သည်။ အခမ်းအနားတွင် တိုက်ကြီးမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးဧက ၆၃၀၇ ဧကနှင့် မှော်ဘီမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးဧက ၁၆၇ ဧက တောင်သူဦးရေ ၁၁၄၇ ဦးအတွက် စုစုပေါင်းလျော်ကြေးငွေကျပ် ၁၉၆၇၂၅၀၀၀ ကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ စီဂျီ၊ မြေကွက်အမှတ်-၂၉၂၊ မြေဧရိယာ(၀.၀၁၈)ဧက၊ (အလျား၂၀ပေxအနံ၄၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၇၊ အနောက်ဗဟိုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC အမျိုးအစား(၃)ထပ်တိုက် အဆောက်အဦ(၁)လုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇော်မျိုးလွင် (ဘ) ဦးကျင်စံ[၁၂/တမန(နိုင်)၀၆၅၅၃၄]နှင့် ဒေါ်မာရီကျော် (ဘ) ဦးကျော်ညွှန့် [၁၂/ဗဟန(နိုင်)၀၇၂၄၉၄]တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းမြင့် (B.Sc,PGDL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)
အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ(H.D.P,LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)
အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၃၅၁၂၂၊၀၉-၂၅၄၄၈၈၃၃၀

❖ ကျောဖုံးမှ

အဆိုပါ ဘိန်းခင်းများဖျက်ဆီးရာသို့ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲမှူးကြီး သန်းဌေးအောင်၊ မူးယစ်တပ်စု(တောင်ကြီး)မှ ရဲမှူး မြင့်သွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ဌေးအောင်တို့က အနီးကပ်ကြီးကြပ်၍ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းဇော်ဦး ဦးစီးသော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက်မှစတင်၍ ဆီဆိုင်မြို့နယ်အတွင်းရှိ တောင်ကုန်း/တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းခင်း ၂၂ ဧကခန့်ကို ဖျက်ဆီးလျက်ရှိကြောင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တို့က ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့စုံအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်ကြီး(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄ကံဘဲ့)၊ မြေကွက်အမှတ်-၄၁/ခ-၂ ဧရိယာ (၀.၀၈၂) ဧကရှိ မြေပိုင်မြေ(B) လ/န ၃(ခ)ရရှိပြီး မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ်(၁)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာ [၁၂/ရကန(နိုင်)၀၇၁၉၇၀] (၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသူအောင် [၁၂/သဃက (နိုင်) ၁၀၄၆၈၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)
အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁

## ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



### ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည် ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင် ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လကုန်အတွင်း လှူဒါန်းသော ရွှေစင်ရွှေပြားများအား ယခု ဆောင်ရွက်နေသည့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း အစီအစဉ်တွင် ထည့်သွင်းလှူဒါန်းမည် ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂

---

### မော်လမြိုင်အသင်း(ရန်ကုန်)
### ( ၁၀၇ )နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ (၁၀၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၂၅ ခုနှစ်၊ ဧပြီလ(၆)ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် ရွှေတိဂုံစေတီတော်၊ အနောက်ဘက်မုခ်၊ အောက်ပစ္စယံ-အုတ်လမ်း မော်လမြိုင်ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လတွင် အသက်(၈၀)ပြည့်ပြီး အသင်းဝင် သက်တမ်း(၁)နှစ်ပြည့် ဘိုး/ဘွား (အသစ်)များသည် အသင်းဝင်အမှတ်၊ အမည်၊ မွေးနေ့သက္ကရာဇ်တို့ကို အတွင်းရေးမှူး ဦးသာဆန်း ဖုန်း ၀၉-၄၄၃၀၆၉၀၇၃၊ စည်းရုံးရေးမှူး ဒေါ်အေးအေးမော် ဖုန်း ၀၉-၇၉၈၀၀၄၄၀၇၊ ပြန်ကြားရေးမှူး ဒေါ်ခင်လေးရီ ဖုန်း ၀၉ - ၂၅၀၅၁၆၆၂၁၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း ၀၉ - ၅၀၁၁၂၉၃ တို့ထံသို့ (၁၁-၃-၂၀၂၅)ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ ပူဇော်ပွဲသို့ တက်ရောက်ကြမည့် ဘိုး/ဘွား(ဟောင်း)များအတွက်လည်း အသင်းဝင်ကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တစ်ပါတည်းယူဆောင်လာကြပါရန်နှင့် ၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်တို့၏ သား/သမီးများကို ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန်အတွက် အထောက်အထားများဖြင့် (၁၁-၃-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး မော်လမြိုင်အသင်းသို့ ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊( ၇ )ရပ်ကွက်၊ဦးကျော်လှလမ်း၊ **7 Mile CONDOMINIUM**၊အမှတ်( ၂၉ )၊အခန်းအမှတ်( ၁၂၁၀ )၊( ၁၂ )လွှာဟုခေါ်တွင်သည့် (၁၄၂၀-စတုရန်းပေ)အကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဖိုးပါရီ ၁၂/ကတတ(နိုင်)၀၀၁၈၉၂ ထံမှကျွန်ုပ်တို့၏မိတ်ဆွေများ ဖြစ်ကြသည့် **ဦးစိုးသီဟအောင် ၉/ပဘန(နိုင်) ၂၀၄၆၉၉ နှင့်ဒေါ်သက်မာဝင်း ၁၂/အစန(နိုင်)၁၈၅၂၄၄** တို့ကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန့်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ရန်ကုန် - သန်လျင်တံတားအမှတ်(၁) အနီး၊ မြေတိုင်းရပ်ကွက်အမှတ်- (1-B)၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း Star City၊ (City Loft)အတွင်းရှိ တိုက်အမှတ် (CL-10)၊ (၈)ထပ်တိုက်အဆောက်အဦ၏ အခန်းအမှတ်(၄၁၈)၊ Type(3 BR)၊ အကျယ်အဝန်း(၉၅၈) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည့် Thanlyin Estate Development Ltd.ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၀၄၇၉)**

